# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 6 January 2026 ၁၂၀၅၄


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက် မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၇ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



ပွင့်ဖြူမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၇၀၀၃၃ ကေအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၉ ဒသမ ၉၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ပံ့ပိုးဆောင်ရွက်ပေးခဲ့**

"စပါးစိုက်ပျိုးတဲ့အချိန်မှာ တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေ ကောင်းမွန်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး ရိတ်သိမ်းပြီးစီးတဲ့ စပါးတွေ အရည်အသွေးကောင်းမွန်စေဖို့ စနစ်တကျ ထားသိုထိန်းသိမ်းနိုင်အောင် နည်းပညာတွေ ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စနစ်တကျ သိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


**ယနေ့ ဖတ်စရာ**

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည် စာမျက်နှာ » ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ စာမျက်နှာ » ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ ကျင်းပ စာမျက်နှာ » ၄

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ စာမျက်နှာ » ၉

သမိုင်းဝင်ရွေးကောက်ပွဲများအပြီး မြန်မာနိုင်ငံက တောက်ပသောအနာဂတ်ကို အဘယ်ကြောင့် မျှော်လင့်နိုင်သနည်း ဆောင်းပါး စာမျက်နှာ » ၁၄

# မင်္ဂလာတရား၊ သင်္ဂဟတရားနှင့်အညီ လေးစားတန်ဖိုးထားဂုဏ်ပြုချီးမြှင့်

နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် တစ်ဦးတစ်ဖွဲ့၊ အစိုးရတစ်ရပ်က ဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စွမ်းဆောင်နိုင်သူများ၏ ပါဝင်ဆောင်ရွက်မှုအားသည် ပို၍အဓိကကျသည်ကို တွေ့မြင်နိုင်သည်။ ထိုသို့အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် သမိုင်းကြောင်းတွင်လည်းကောင်း၊ မျက်မှောက်အခြေအနေတွင်လည်းကောင်း ထိရောက်သည့် အောင်မြင်မှုများရရှိခဲ့သည်ကို နိုင်ငံတော်က လက်ခံယုံကြည် အသိအမှတ်ပြုပြီး ဂုဏ်ပြုလျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်ကြသည့် ပုဂ္ဂိုလ်များအား လေးစားတန်ဖိုးထားသောအားဖြင့် နိုင်ငံတော်က နှစ်စဉ် နေ့ကြီးရက်ကြီးများတွင် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံသူ နိုင်ငံသားများ၏ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ပင် ယနေ့နိုင်ငံတော်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လက်နက်ကိုင်အကြမ်းဖက်မှုအန္တရာယ်များနှင့် အခက်အခဲများကို ထိထိရောက်ရောက် တုံ့ပြန်ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။ မဝေးလှသောကာလများအတွင်းက ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြီးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးဘေးအန္တရာယ်များကိုလည်း နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များနှင့် ပြည်သူအားလုံး အတူပူးပေါင်းလက်တွဲပြီး ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု သက်သေပင်ဖြစ်သည်။

အထူးသဖြင့် “နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နိုင်ငံတော်၏ အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံနှစ်နိုင်ငံကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့်နိုင်ငံရေးသမိုင်းကြောင်း နောက်ခံများနှင့်အတူ ပထဝီအနေအထားအရ အဓိကကျသည့်နေရာတွင် ရှိနေသည့်အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများလည်းရှိနေကြကြောင်း၊ တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေမျိုးနှင့် ထပ်မံကြုံတွေ့လာနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူပြီး အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြပြီး နိုင်ငံအတွက် ကောင်းမွန်သည့်အမွေကို ပေးခဲ့ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့ကာလ၊ မိမိတို့မျိုးဆက်များသည် နိုင်ငံတော်အပေါ် သစ္စာရှိပြီး တာဝန်ကျေပွန်မည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံအတွက် အသက်တမျှအရေးကြီးလှသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်က တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး သက်စွန့်ကြိုးပမ်း ရင်ဆိုင်ကာကွယ်ခဲ့ကြသည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် လေးနက်စွာခံယူ စောင့်ထိန်းကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အားကောင်းစေသည့် စစ်မှန်စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားကို ကျရာကဏ္ဍမှ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး ကဏ္ဍအလိုက် စွမ်းစွမ်းတမံ၊ ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား နှစ်စဉ် နေ့ကြီးရက်ကြီးများတွင် တန်ဖိုးထား လေးစားဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရား၊ သင်္ဂဟတရားများနှင့် အညီဖြစ်သည်။ ဤသင်္ဂဟတရားထွန်းကားမှသာ လောကကြီး သာယာငြိမ်းချမ်းမည်။ အခြေအနေအားလျော်စွာ သင်္ဂဟတရားတို့ကို ကျင့်သုံးသောပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြသည်ကိုယုံကြည်ပြီး နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ဆက်လက်သယ်ပိုး စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၁၄၇ ပါး၊ အစိုးရဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ ပြည်သူကို ဖမ်းဆီးငွေညှစ် ဓားပြတိုက်နေတဲ့ PDF ဓားပြအကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျော်ခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသော ပြည်သူများ၏ ငြိမ်းချမ်းသောအနာဂတ်ခရီး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၅ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁၆ | ၁၃၇,၆၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၁,၁၁၈ | ၄,၁၈၁,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၈၀၀ | ၇၉ | ၆၂၁,၇၀၀ |
| FPB | ၂,၅၀၀ | ၂,၄၅၀ | ၁,၀၃၄ | ၂,၅၃၄,၀၀၀ |
| TMH | ၃,၆၀၀ | ၃,၅၅၀ | ၃၅ | ၁၂၄,၀၅၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၂,၈၇၁ | ၄,၆၀၄,၉၅၀ |
| AMATA | ၄,၄၀၀ | ၄,၉၀၀ | ၁၆၇ | ၇၅၅,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၄၉ | ၁၅၆,၈၅၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၇၀၀ | ၈,၈၉၆ | ၂၄,၀၁၉,၇၀၀ |
| ASPGB(PLB) | ၄၅,၀၀၀ | ၄၆,၀၀၀ | ၃,၁၀၃ | ၁၄၁,၀၉၂,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းတော်ဝင်အစိုးရနှင့် ထိုင်းပြည်သူများ၏ ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးတမ်းများတူညီသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘုံအကျိုးစီးပွားတို့သာမက ခိုင်မာအားကောင်းသည့် ပြည်သူအချင်းချင်း ဆက်ဆံရေးတို့ဖြင့် တည်ဆောက်ထားသည့် ကာလရှည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထူထောင်ထားရှိကြပါသည်။

အခွင့်အခါကြုံခိုက် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ မယိမ်းယိုင်သည့် သန္နိဋ္ဌာန်အား ထပ်လောင်းအတည်ပြုလိုပါသည်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး အဓွန့်ရှည်တည်တံ့မှုကို ဦးတည်လုပ်ဆောင်နေသည့်လမ်းကြောင်းအား ထောက်ခံအားပေးရန် အမြဲအသင့်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယာက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်အနေဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနှင့် ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသည့်ယဉ်ကျေးမှု တန်ဖိုးထားခြင်းများအား အခြေခံသည့် ကာလရှည်ကြာစွာ တည်တံ့လျက်ရှိသော ခင်မင်ရင်းနှီးမှုသည် လိုအပ်သည့်အချိန်များ၌ နှစ်နိုင်ငံအကြား စုစည်းညီညွတ်မှုစိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ပိုမိုခိုင်မာလာခဲ့ပါသည်။

နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးများသည် ဆက်လက်တိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာဝန်ကြီး ဒေါက်တာ ဟာရိနီ အမာရာဆူရီယာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အဆက်တည်ရှိခဲ့သော ဆက်ဆံရေးတို့အပေါ် အခြေခံထားသည့် နှစ်ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုတို့သည် နောင်နှစ်ပေါင်းများစွာတွင် ပိုမိုနက်ရှိုင်းခိုင်မြဲလာပြီး နှစ်နိုင်ငံပြည်သူများအတွက် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိ ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများအားလုံးထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အကျိုးစီးပွားနှင့် ယဉ်ကျေးမှုချင်း နီးနွယ်ဆက်စပ်သည့် ခိုင်မာသော အုတ်မြစ်များဖြင့် ကာလရှည် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ထောင်ခဲ့ကြပါသည်။ မိမိတို့ နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် နီးကပ်စွာဆက်နွယ်လျက်ရှိပြီး ပြည်သူအချင်းချင်း ရင်းနှီးသောဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမဏ္ဍိုင်များ ဖြစ်ကြပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာအားကောင်းလာမည်ဟု အခိုင်အမာယုံကြည်လျက် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းပြီး ငြိမ်းချမ်းရေး၊ တိုးတက်သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခု မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုတိုးတက်အောင် ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ဆန္ဒပြုအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုတို့အပေါ် အခြေခံ၍ ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော သမိုင်းအစဉ်အလာရှိသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ယင်းသို့သော ဆက်နွယ်မှုများသည် မိမိတို့ နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်လာပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ၌ ပိုမိုကျယ်ပြန့်စွာ တိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်မိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချဲဆုန်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်လင့်ပါသည်။

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် ဇန်နဝါရီ ၅

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးကောလိပ် (Judicial College)၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူ ၅၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တ ၁၃ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သတ်မှတ်ခွင့်ပြုပေးခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း(၁) ကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း(၂) နှင့် အပိုင်း(၃) တို့ကို ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်နိုင်ရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး ရွေးကောက်ပွဲအပိုင်း (၁) ပြီးနောက် အပိုင်း(၂)နှင့် အပိုင်း(၃) အတွက် မဲဆွယ်စည်းရုံးခြင်းများဆက်လက်ဆောင်ရွက်နိုင်ရေး နေ့ရက်များ သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ဘက်ပါတီများ၊ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို စော်ကားပုတ်ခတ်၍ ပြောဆိုစည်းရုံးခြင်းသည် ရာဇဝတ်ကြောင်းအရ ပြစ်မှုမြောက်နိုင်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုလည်း မြောက်နိုင်ပါကြောင်း၊ တစ်ဖက်ပါတီကို နှိမ့်ချပုတ်ခတ်ပြောဆို စည်းရုံးခြင်းသည် ကျင့်ဝတ်သိက္ခာမဲ့သည့် လုပ်ဆောင်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့်ပါတီ၏ ပုံရိပ်ကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အပိုင်း(၁)မှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးထားပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ကုန်ကျစရိတ်စာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ ပါအတိုင်း သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ တင်သွင်းရန်ပျက်ကွက်ပါက အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခံရမည်ကို သတိချပ်စေလိုပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းကို သုံးကြိမ်တိုင်ကပ်ထားကြေညာပေးခဲ့ပြီး မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ပြီး ၂-၁-၂၀၂၆ ရက်စွဲဖြင့်လည်း အသိပေးထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်း၊ ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ အများပြည်သူတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပြီး ဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုမှတ်ကျောက်တင်ရန် အတွက် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၄၄ ဦးခန့် စောင့်ကြည့်လေ့လာ သတင်းရယူခွင့် ပြုခဲ့ပါကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများက မဲဆန္ဒရှင်ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ အားတက်သရော လာရောက် မဲပေးခဲ့မှုများကို မြင်တွေ့ခဲ့ကြသည့် အတွက် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်းနှင့် ထောက်ခံအားပေး အသိအမှတ်ပြု မှတ်ချက်စကားများ ပြောကြားခဲ့ပါကြောင်း၊ အခက်အခဲ အမျိုးမျိုးကြားမှ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသော လွှတ်တော် အသီးသီး ဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၇ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး မောက်မယ်မြို့နယ်၌ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**မောက်မယ် ဇန်နဝါရီ ၅**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ ဦးခင်မောင်ဦးသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လာမည့်ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင်ပါဝင်သည့် မောက်မယ်မြို့နယ်အား ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လင်းခေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေလုံခြုံစွာဆန္ဒမဲပေးနိုင်ရေး၊ မဲပေးခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး စသည့်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လင်းခေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသက်ထွန်းက လင်းခေးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကျင်းပရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးတို့က ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွေးနွေးမေးမြန်းကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဈေးတန်းရပ်ကွက်ရှိအမှတ်(၁)မဲရုံပြင်ဆင်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘောဆက်လက်ပံ့ပိုးကူညီသွားမည့်အခြေအနေ၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန်ထောက်ခံ ရပ်တည်သွားရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတမန်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၅**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတမန်ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် ပြည်ပသံရုံးများမှ သံတမန်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သံတမန် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြီး ပါဝင်ဆင်နွှဲကြသည့် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများ၊ သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း နေပြည်တော် ရုံးအမှတ်-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်သွားနိုင်ရေး၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်ပစ္စည်းများ၏အရည်အသွေး စံချိန်စံနှုန်းပြည့်မီစေရေးအတွက် လိုအပ်သည့်စက်ကိရိယာနှင့်



နည်းပညာဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရန် ခွင့်ပြုထားသည့်အမယ်များ ပိုမိုတိုးမြှင့်ရရှိနိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်နေပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေးအတွက် ဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။(**အောက်ဝဲပုံ**)

လာအိုသံအမတ်ကြီးနှင့်တွေ့ဆုံစဉ်မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများအပါအဝင် အဓိကပို့ကုန်များကို လာအိုနိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေး၊ ကျိုင်းလပ်-စီအင်ကောက်တံတားမှ တစ်ဆင့် ကုန်စည်နှင့် လူများဝင်ထွက်သွားလာရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်အဖြစ် အဆင့်မြှင့်တင်သွားနိုင်ရေးနှင့် ဝမ်ပုံ-ဘန်မောင်းမန် နယ်စပ်ဂိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်နိုင်ငံအကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

## ခရမ်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**ခရမ်း ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးသိန်းနိုင်က ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း တိုင်း/ ခရိုင်/ မြို့နယ် အဆင့်များတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့်



ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဖြင့် ပုံဖော်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် အရည်အသွေးမြင့်မားသည့် လူငယ်များရရှိစေရန် ယခုကျင်းပမည့် ဖိုရမ်မှ ဖော်ထုတ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍအား ဆက်နွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်ပြီး လူငယ်များအား ပြုစုပျိုးထောင်ပေးမှသာ ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင်၊ လူငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်အောင် ဆွေးနွေးဖော်ထုတ်မည်ဖြစ်ကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကို ဖော်ထုတ်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်အတွက် စွမ်းရည်မြင့်မားသည့် လူငယ်များ ပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီအလိုက် အဆုံးအဖြတ်ပေးရမည့် အချက်များအား အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ကျင်းပမည့်ဖိုရမ်သည် ယခင်ငြိမ်းချမ်းရေးဖိုရမ်များနှင့် မတူဘဲ လူငယ်များအနေဖြင့်သီးသန့်ဆောင်ရွက်သည့် ဆွေးနွေးမှု အခင်းအကျင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်အတွက် အရေးပါသည့် လူငယ်များ၏ အခန်းကဏ္ဍအား ရည်ရွယ်၍ ကျင်းပ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးလုပ်ငန်း ကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခု လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် နိုင်ငံအတွက် အနှစ်သာရရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က လူငယ်များကို အလေးထားကြောင်း၊ လုံခြုံပျော်ရွှင် တည်ငြိမ်သည့် အသိုက်အဝန်း ရရှိနိုင်မည့် သတင်းစကားကို ယခုဖိုရမ်တွင် လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်နှင့် အစိုးရ၊ ပြည်သူနှင့် အစိုးရ ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခု လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် လူငယ်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသည်ဆိုသည့် သတင်းစကားကို ပေးနိုင်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်သည် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသော ပုံစံများဖြင့် နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အတွင်း ပေါင်းစပ် ထည့်သွင်းနိုင်မည်ဖြစ်သည်။

ဖိုရမ်မှတစ်ဆင့် လူငယ်များ၏ အသံကို ရှင်းလင်းပြတ်သားစွာ နားလည် သဘောပေါက်ရန် အတွက် ပဋိပက္ခကို ဖြစ်ပေါ်စေသည့်အချက်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏ လုံခြုံရေးနှင့် အကာအကွယ်၊ ကျား/မ ကဏ္ဍအလိုက် မတူညီသော ထိလွယ်ရှလွယ်သည့် အခြေအနေ၊ အားနည်းချက်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပူးပေါင်း ပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ စီးပွားရေး စိန်ခေါ်မှုများနှင့် အလုပ်အကိုင် အခွင့်အလမ်း ကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက် ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ(Cyber)၊ လူမှုကွန်ရက်(Social Media)များတွင် လူငယ်များ ပါဝင်ဦးဆောင်နိုင်သော အခြေအနေနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့အတွက် လူငယ်များ၏ သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ ဆက်လက် ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ် အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေး တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၅**

ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်၏ ရည်မှန်းချက်များ၊ စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားပြီး Export ဈေးကွက်ဝယ်လိုအားရှိသောဆန်များ ထုတ်လုပ်နိုင်ရေးသည်လည်း တစ်ချက်အနေဖြင့်ပါဝင်ရာ မိမိတို့အားလုံး ဝိုင်းဝန်းပံ့ပိုး ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ယနေ့ဆွေးနွေးပွဲကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နိုင်ငံ၏ ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ၊ Export Zone များ ဖော်ဆောင်၍ ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေး အတွက် ကျင်းပခဲ့ပြီးဖြစ်သည့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲများတွင် ဖော်ထုတ်ချက် ၁၇ ချက်နှင့် ဆွေးနွေးပွဲ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်နိုင်မည့် ဧက၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများနှင့် Export Zone ဆောင်ရွက်မည့် ကုမ္ပဏီ ၅၈ ခုက ဆန်စပါးမျိုး ဆောင်ရွက်မည့်ဒေသများ သတ်မှတ်နိုင်ခဲ့ပြီး ယခုဆွေးနွေးပွဲတွင် စိုက်ပျိုးဆောင်ရွက်မည့် ဆန်စပါးမျိုးများ အတည်ပြုသတ်မှတ်သွားရန်ဖြစ်ကြောင်း။

ထို့အတူ စပါးမျိုးစေ့ထုတ် လုပ်ငန်းများအတွက် တစ်ကေလျှင် ၂ ဒသမ ၅ သိန်းနှုန်းဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ရှိ အရင်းမပျောက်မတည်ငွေမှ ချေးငွေပေးပြီး ထွက်ရှိလာသော မျိုးများအား မျိုးစေ့ပေါက်ဈေးဖြင့် ညီမျှသော မျိုးစေ့ဝယ်ယူ၍ ပုဂ္ဂလိကဆန်စက်များမှ ဝယ်ယူသိုလှောင်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့မှုအပေါ် အတည်ပြုဆောင်ရွက်ရန်ဖြစ်ကြောင်း၊ Export Zone များ ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၌ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ကြမည့် ဌာနအဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် လုပ်ငန်းများကို ဂရုတစိုက် ကြပ်မတ်၍ စနစ်တကျ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊Export Zone များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရာတွင် မိမိတို့တာဝန်ထမ်းဆောင်နေကြရသည့် လုပ်ငန်းများပေါ်မူတည်၍ ကျွမ်းကျင်ရာ ရှုထောင့်အမျိုးမျိုးမှ ရှုမြင်ပြီး အဖြေရလဒ်ထွက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် မျိုးစေ့ထုတ် တောင်သူဦးကြီးများက ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးအတွက် ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ချက်(၅-၁-၂၀၂၆) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၂၈-၁၂-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၄-၁-၂၀၂၆)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

☆ ရှေ့ဖုံးမှ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကိုယ်စားလှယ် အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးပေါင်လွန်းမင်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | အမှတ်(၁) | ဇိုမီးအမျိုးသားပါတီ |
| (၂) | ဦးထလာထန်း | ၄/ထတလ(နိုင်)၀၂၀၉၈၁ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၃) | ဦးကျင့်တုန်းမန် | ၅/တမန(နိုင်)၀၀၀၅၄၄ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးကီးပိုင်း | ၄/ကပလ(နိုင်)၀၀၀၀၂၆ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးအောင်မင်းနိုင် | ၆/ထဝန(နိုင်)၀၀၄၃၀၀ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဇော်လွန်းအောင် | ၁၁/မပန(နိုင်)၀၅၉၁၇၃ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | အမှတ်(၁၁) | ဇိုမီးအမျိုးသားပါတီ |
| (၈) | ဦးနန်ခင်းဇမ် | ၄/တဇန(နိုင်)၀၀၁၂၅၆ | အမှတ်(၁၂) | ဇိုမီးအမျိုးသားပါတီ |
| **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၉) | ဦးမင်းမင်းထွန်း | ၁၁/မအန(နိုင်)၀၄၄၁၆၆ | အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၀) | ဦးမြလင်း | ၁၁/ကဖန(နိုင်)၀၀၆၅၁၀ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသန်းထွန်း | ၁၁/မတန(နိုင်)၀၀၀၇၁၃ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၂) | ဦးကျော်စိန် | ၁၁/ပဏတ(နိုင်)၀၀၃၆၅၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကျော်စိန်လှ | ၁၁/စတန(နိုင်)၀၄၇၇၅၂ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်မြမြသက် | ၁၁/စတန(နိုင်)၀၃၃၀၆၆ | အမှတ်(၉) | ရခိုင့်ဦးဆောင်ပါတီ |
| **ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)** | | | | |
| (၁၅) | ဒေါက်တာခိုင်ခိုင်ဆု | ၁၂/ပဘတ(နိုင်)၀၃၁၅၃၄ | အမှတ်(၁၀) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၆) | ဦးဇော်ဇော်မြင့် | ၃/ဘအန(နိုင်)၀၇၃၁၀၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးအောင်သိန်းငွေး | ၁၁/ရဗန(နိုင်)၀၄၇၃၅၃ | အမှတ်(၁၂) | ရခိုင်တိုင်းရင်းသားများပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | ၄၈၁၅ | ၂၅၁၃ | ၇၃၂၈ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၂၀၁ | ၁၂၀၂ | ၄၄၀၃ | |
| | | ဦးပေါင်လွန်းမင်ထန် | ဇိုမီးအမျိုးသားပါတီ | ၁၅၄၉ | ၄၄၁ | ၁၉၉၀ | ၂၇.၁၆% |
| | | ဦးလျန်ဇခုပ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၂ | ၆၇၈ | ၁၉၅၀ | ၂၆.၆၁% |
| | | ဦးကိုင်းခန့်မန် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၃၅၀ | ၇၂ | ၄၂၂ | ၂၁.၆၄% |
| | | ဦးအာကာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀ | ၁၁ | ၄၁ | ၀.၉၃% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၆၁၄ | ၁၃၁၁ | ၂၉၂၅ | |
| | | ဦးထလာထန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၁၀ | ၁၂၂၄ | ၂၅၃၄ | ၈၆.၆၃% |
| | | ဦးမျိုးသူရလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၄ | ၈၇ | ၃၉၁ | ၁၃.၃၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၃၂၈ / ၆ = ၁၂၂၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၃၂၈ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၄၈၄ | ၃ | ၈၂၁ | ၁ | ၄ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၉၀ | ၁ | ၇၆၉ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၃၂ | - | ၄၃၂ | - | - | |
| | | ၄။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၂၂ | - | ၄၂၂ | - | - | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | ၇၀၆၁၈ | ၁၅၀၁၇ | ၈၅၆၃၅ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၁၂၈ | ၂၆၂၉ | ၃၂၇၅၇ | |
| | | ဦးမင်းမင်းထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၀၂၈ | ၉၅၈ | ၁၁၉၈၆ | ၃၆.၅၉% |
| | | ဦးတင်ညို | ရခိုင်တိုင်းရင်းသားများပါတီ | ၉၃၈၈ | ၅၇၉ | ၉၉၆၇ | ၃၀.၄၃% |
| | | ဒေါက်တာခင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၁၆ | ၁၀၄၆ | ၉၁၆၂ | ၂၇.၉၇% |
| | | ဦးတင်ထက်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၉၆ | ၄၆ | ၁၆၄၂ | ၅.၀၁% |

စာမျက်နှာ ၈ သို့ ❍

❍ စာမျက်နှာ ၇ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၅၅၄ | ၃၄၇၅ | ၁၃၀၂၉ | |
| | | ဦးမြလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၂၇ | ၃၀၂၇ | ၆၂၅၄ | ၄၈.၀၀% |
| | | ဦးတင်ထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၃၈၈၇ | ၂၃၈ | ၄၁၂၅ | ၃၁.၆၆% |
| | | ဦးဘရှိန် | ရခိုင်တိုင်းရင်းသားများပါတီ | ၂၄၄၀ | ၂၁၀ | ၂၆၅၀ | ၂၀.၃၄% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၀၉၃၆ | ၈၉၁၇ | ၃၉၈၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၈၇ | ၇၉၅၉ | ၂၃၈၄၆ | ၅၉.၈၃% |
| | | ဒေါက်တာအေးမောင် | ရခိုင့်ဦးဆောင်ပါတီ | ၇၇၄၂ | ၆၀၄ | ၈၃၄၆ | ၂၀.၉၄% |
| | | ဦးအောင်မြတ်သူ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၇၇၀ | ၂၀၂ | ၄၉၇၂ | ၁၂.၄၈% |
| | | ဦးဆွေဆန်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၇၆ | ၁၁၄ | ၁၆၉၀ | ၄.၂၄% |
| | | ဒေါ်ညိုမာဝင်း | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၆၁ | ၃၈ | ၉၉၉ | ၂.၅၁% |

## ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၅၃ / ၃ = ၁၃၂၈၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၅၃ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၄၆ | ၁ | ၁၀၅၆၂ | ၁ | ၂ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၃၄၆ | - | ၈၃၄၆ | ၁ | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၉၇၂ | - | ၄၉၇၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၉၀ | - | ၁၆၉၀ | - | - | |
| | | ၅။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၉၉ | - | ၉၉၉ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၆ / ၃ = ၁၅၂၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၆ | ၂ | | ၁ | ၃ | |
| | | ၁။ | ရခိုင့်ဦးဆောင်ပါတီ | ၁၆၁၁၁ | ၁ | ၈၄၉ | - | ၁ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၄၁၆ | ၁ | ၁၅၄ | - | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၆၁၇ | - | ၁၂၆၁၇ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၄၂ | - | ၁၆၄၂ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | |
| (၁) | ဦးပေါင်ဇလန်း | ၁၃/ရစန(နိုင်) ၀၀၃၃၀၅ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ဇိုမီးအမျိုးသားပါတီ |
| (၂) | ဒေါက်တာ ဝုန်ဆွန်းထန် | ၁၂/ပဇတ(နိုင်) ၀၁၈၉၂၇ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | |
| (၃) | ဦးကောလ်လျန်ထန်း | ၄/ဖလန(နိုင်) ၀၀၄၁၉၄ | ပလက်ဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဆန်အုပ်မန်း | ၄/ထတလ(နိုင်) ၀၂၇၀၄၂ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးသန့်စင်ဦး | ၉/ပမန(နိုင်) ၁၈၆၇၆၇ | မတူပီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးတင်ကာကျင် | ၄/မတပ(နိုင်) ၀၀၀၁၇၁ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ကျော်ငွေး | ၁၂/ရပသ(နိုင်) ၀၅၁၄၄၁ | ထန်တလန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးထန်ရှင်းထောင်း | ၄/တတန(နိုင်) ၀၅၁၄၂၅ | မင်းတပ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၉) | ဦးဇမ်းရှင်းဒါလ်း | ၄/တတန(နိုင်) ၀၀၀၆၅၅ | တွန်းဇံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၀) | ဦးဒါးလ်လမ်းမုန် | ၅/ကလထ(နိုင်) ၂၈၅၉၆၃ | ကန်ပက်လက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၁) | ဦးဝမ်းလျန်းထန် | ၉/မရမ(နိုင်) ၀၀၈၀၉၂ | ဖလမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ချင်းပြည်သစ်ကွန်ဂရက် ပါတီ |
| | **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၂) | ဦးကျော်ဆွေလင်း | ၁၁/ကဖန(နိုင်) ၀၄၂၆၄၃ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးနိုင်ဦး | ၁၂/သကတ(နိုင်) ၁၂၁၁၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းဝင်း | ၁၁/မအန(နိုင်) ၀၂၁၄၇၉ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| | **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | |
| (၁၅) | ဒေါက်တာစန်းရွှေ | ၁၁/စတန(နိုင်) ၀၁၄၉၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးကျော်စိုး | ၁၁/စတန(နိုင်) ၀၃၁၁၉၅ | မြောက်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြင့်စိုးဝင်း | ၁၁/ပဏတ(နိုင်) ၀၅၂၈၁၂ | ကျောက်တော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးသာထွန်း | ၁၁/မပတ(နိုင်) ၀၁၉၆၀၄ | ပေါက်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်လင်းဦး | ၁၁/ကဖန(နိုင်) ၀၃၇၃၇၆ | မြေပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစောသိန်းထွန်း | ၁၁/စတန(နိုင်) ၀၆၂၄၀၇ | မင်းပြားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးတင်မောင်ဝင်း | ၁၂/သခန(နိုင်) ၁၀၀၈၃၄ | ဘူးသီးတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၂) | ဦးအေးသာအောင် | ၁၁/ပတန(နိုင်) ၀၃၈၅၄၇ | ပုဏ္ဏားကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၃) | ဦးဘစံ | ၁၁/စတန(နိုင်) ၀၅၀၅၆၈ | ရသေ့တောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၂၄) | ဦးအောင်ကျော်ဇော | ၁၁/ဘသတ(နိုင်) ၀၁၂၅၂၆ | မောင်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| | **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )** | | | |
| (၂၅) | ဒေါ်ခိုင်ဇင်ဦး | ၇/ပမန(နိုင်) ၀၀၅၇၁၄ | ရမ်းဗြဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမြသန်း | ၁၁/မတန(နိုင်) ၀၀၀၈၆၀ | အမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဇော်ဇော်အောင် | ၁၁/တကန(နိုင်) ၀၇၃၈၃၉ | သံတွဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်စောသိန်း | ၁၁/ကဖန(နိုင်) ၀၄၂၇၇၇ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၉) | ဦးသိန်းမြင့် | ၁၁/ကဖန(နိုင်) ၀၂၂၆၀၀ | ဂွမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၃၀) | ဦးဇော်လင်းအောင် | ၁၁/ကဖန(နိုင်) ၁၅၅၆၃၄ | တောင်ကုတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၃၁) | ဒေါ်ချိုသဲမွန် | ၉/မထလ(နိုင်) ၁၈၉၁၉၈ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| | **ရခိုင်ပြည်နယ်လွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)** | | | |
| (၃၂) | ဦးတင်လှ | ၁၁/မပတ(နိုင်) ၀၀၁၇၃၃ | ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)
## ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁ | တီးတိန် | | | ၃၂၀၁ | ၁၀၄၅ | ၄၂၄၆ | |
| | | ဦးပေါင်ဇလန်း | ဇိုမီးအမျိုးသားပါတီ | ၁၆၄၂ | ၃၃၅ | ၁၉၇၇ | ၄၆.၅၆% |
| | | ဒေါက်တာကောင်းထက်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၉ | ၆၄၆ | ၁၉၄၅ | ၄၅.၈၀% |
| | | ဒေါ်ဝုန်သွယ်ကိမ် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၂၆၀ | ၆၄ | ၃၂၄ | ၇.၆၃% |
| ၂ | ဟားခါး | | | ၁၆၀၆ | ၁၂၃၂ | ၂၈၃၈ | |
| | | ဒေါက်တာဝုန်ဆွန်းထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၁၅ | ၁၀၅၅ | ၂၀၇၀ | ၇၂.၉၄% |
| | | ဦးလျန်ကျဲအို | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၅၉၁ | ၁၇၇ | ၇၆၈ | ၂၇.၀၆% |

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၀၈၄ / ၉ = ၇၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၀၈၄ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၁၅ | ၅ | ၈၀ | - | ၅ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၇၇ | ၂ | ၄၀၃ | ၁ | ၃ | |
| | | ၃။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၁၀၉၂ | ၁ | ၃၀၅ | - | ၁ | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၉ | ၃၄၇၄ | ၁၃၀၃၃ | |
| | | ဦးကျော်ဆွေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈ | ၃၀၅၈ | ၇၀၁၆ | ၅၃.၈၃% |
| | | ဦးခင်စော | ရခိုင့်ဦးဆောင်ပါတီ | ၃၅၁၇ | ၂၄၀ | ၃၇၅၇ | ၂၈.၈၃% |
| | | ဦးတင်ရွှေ | ရခိုင်တိုင်းရင်းသားများပါတီ | ၂၀၈၄ | ၁၇၆ | ၂၂၆၀ | ၁၇.၃၄% |
| ၂ | စစ်တွေမြို့နယ် | | | ၃၀၉၅၀ | ၈၉၃၅ | ၃၉၈၈၅ | |
| | | ဦးနိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၃၃ | ၈၁၂၀ | ၂၅၀၅၃ | ၆၂.၈၁% |
| | | ဦးသိန်းထွန်းဦး | ရခိုင့်ဦးဆောင်ပါတီ | ၈၁၃၇ | ၅၄၅ | ၈၆၈၂ | ၂၁.၇၇% |
| | | ဦးဇော်ထွန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၅၈၈၀ | ၂၇၀ | ၆၁၅၀ | ၁၅.၄၂% |
| ၃ | မာန်အောင်မြို့နယ် | | | ၃၀၁၂၉ | ၂၆၂၅ | ၃၂၇၅၄ | |
| | | ဦးထွန်းဝင်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၂၆၃ | ၈၆၄ | ၁၂၁၂၇ | ၃၇.၀၂% |
| | | ဒေါ်ကြည်ကြည်ဇင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၀၁၀၁ | ၆၁၉ | ၁၀၇၂၀ | ၃၂.၇၃% |
| | | ဦးမောင်တင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၇၆၅ | ၁၁၄၂ | ၉၉၀၇ | ၃၀.၂၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၈၅ / ၁၀ = ၃၉၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၈၅ | ၉ | | ၁ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၅၃ | ၆ | ၁၁၂၅ | | ၆ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၆၈၂ | ၂ | ၇၀၆ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၆၁၅၀ | ၁ | ၂၁၆၂ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် စစ်တွေမြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများ အနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၇ / ၇ = ၆၅၄၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၇ | ၅ | | ၂ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၂၃ | ၂ | ၃၈၄၁ | ၁ | ၃ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၁၅၈၈၄ | ၂ | ၂၈၀၂ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၉၈၀ | ၁ | ၆၄၃၉ | ၁ | ၂ | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများ အနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/ ၂၀၂၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ်အမည် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၄၆၂ | ၁၁၇ | ၇၅၉ | |
| | | ဦးတင်လှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၇ | ၁၀၃ | ၅၇၀ | ၇၅.၁၀% |
| | | ဦးကြည်တင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၇၅ | ၁၄ | ၁၈၉ | ၂၄.၉၀% |



## ကလောမြို့နယ်၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကျင်းပ

ကလော ဇန်နဝါရီ ၅

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခွဲက မြို့နယ်ခန်းမ၌ကျင်းပရာ ကလောခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

### ကပြဖျော်ဖြေ

ဦးစွာကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ ထို့နောက် တိုင်းရင်းသားရိုးရာအက အဖွဲ့များဖြစ်သည့် ကလောမြို့ပေါ်ရှိ အခြေခံပညာကျောင်းသူများက "ကောင်းခြင်းမင်္ဂလာ" သီချင်း၊ "ရှမ်းဓလေ့အိုးစည်သံ"ကယန်းရိုးရာအက၊ "ဆောင်းညအိပ်မက်"သီချင်း၊ "တောင်ရိုးအက"၊ "ထာဝရမြန်မာ" သီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## မင်းတုန်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံနှိုးဆော်

မင်းတုန်း ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် မဲရုံအနီးဝန်းကျင်ရှိ လူနေအိမ်များ မီးပေါ်ဆမှုကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သွားကြရန် မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံနှိုးဆော်ခဲ့ကြသည်။

### လိုက်လံနှိုးဆော်

နေအိမ်အဆောက်အအုံတိုင်း၌ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံး၊ လှေကားနှင့် မီးသတ်ဆေးဘူးများထားရှိရန်၊ မီးဖိုမီးများကို စနစ်တကျအသုံးပြုကြရန်၊ အမှိုက်ပုံလောင်စာများ စနစ်တကျစွန့်ပစ်ရန်၊ လေပြင်းများတိုက်ခတ်လာပါက မီးဖိုမီးသုံးစွဲခြင်းမပြုရန်၊ ဂတ်စ်မီးဖို အသုံးပြုပါက လေဝင်၊ လေထွက်ကောင်းမွန်အောင်ပြုလုပ်ရန်၊ ပျက်စီးချို့ယွင်းနေသော လျှပ်စစ်မီးကြိုးများ၊ မီးခလုတ်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများကို အသုံးမပြုကြရန်၊ တောမီးတားလမ်းများ ပြုလုပ်ထားကြရန် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)





## ပေါင်မြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ

ပေါင် ဇန်နဝါရီ ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြို့၊ အဖွဲ့ဝင် ဦးခင်မြင့်၊ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်၊ မော်လမြိုင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထင်ကျော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေမျိုးနှင့်အဖွဲ့ဝင်များနှင့် မဲရုံမှူးများ တွေ့ဆုံပွဲကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံတာဝန်ထမ်းဆောင်ရမည့်သူများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြို့၊ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ကြိုတင်ဆန္ဒမဲပေးပြီးသောမဲပုံးများ လက်ခံဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းပြခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

(ယမန်နေ့မှ အဆက်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | တာချီလိတ်မြို့နယ် | | | ၅၅၀၆၉ | ၄၇၇၉ | ၅၉၈၄၈ | |
| | | ဦးကျော်ငြိမ်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၆၆ | ၃၈၁၁ | ၃၀၄၇၇ | ၅၀.၉၂% |
| | | ဒေါ်တိုးတိုးမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၉၂၃ | ၅၉၂ | ၂၀၅၁၅ | ၃၄.၂၈% |
| | | ဒေါ်ယဉ်မေသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၈၀ | ၃၇၆ | ၈၈၅၆ | ၁၄.၈၀% |
| ၆ | တောင်ကြီးမြို့နယ် | | | ၁၇၁၄၁၁ | ၁၂၉၅၀ | ၁၈၄၃၆၁ | |
| | | နန်းကျင်း(ခ)နန်းစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၆၆၄၉၆ | ၂၂၉၅ | ၆၈၇၉၁ | ၃၇.၃၁% |
| | | ဦးအောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၂၅၄ | ၈၁၈၃ | ၅၂၄၃၇ | ၂၈.၄၄% |
| | | ဦးကျော်ဇေယျာဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၈၃၀ | ၃၀၈ | ၁၂၁၃၈ | ၆.၅၉% |
| | | ဦးသောင်းတင်(ခ)သောင်းတင်ရီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၀၁ | ၅၆၉ | ၁၁၁၇၀ | ၆.၀၆% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၆၂၈ | ၄၉၃ | ၁၀၁၂၁ | ၅.၄၉% |
| | | ဒေါ်နီလာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၉၃ | ၄၄၄ | ၉၁၃၇ | ၄.၉၆% |
| | | ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၈၄၃၆ | ၃၂၈ | ၈၇၆၄ | ၄.၇၅% |
| | | ဒေါ်နန်းလန်းနွန်း | ပြည်သူ့ပါတီ | ၇၄၁၃ | ၂၆၀ | ၇၆၇၃ | ၄.၁၆% |
| | | ဦးဆန်းဘုန်း | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၄၀၆၀ | ၇၀ | ၄၁၃၀ | ၂.၂၄% |
| ၇ | နမ့်စန်မြို့နယ် | | | ၃၅၃၃၇ | ၅၂၄၁ | ၄၀၅၇၈ | |
| | | ဦးငွေးလွင်(ခ)ဦးဒီလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၅၇၆ | ၄၅၅၂ | ၂၃၁၂၈ | ၅၇.၀၀% |
| | | စိုင်းနော်မိုင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၅၅ | ၃၅၂ | ၁၀၂၀၇ | ၂၅.၁၅% |
| | | နန်းခမ်းလေ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၄၈၃ | ၁၂၆ | ၃၆၀၉ | ၈.၈၉% |
| | | နန်းချစ်သဲနု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၀၂ | ၁၀၃ | ၂၁၀၅ | ၅.၁၉% |
| | | ဦးစိုင်းသူရကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၂၁ | ၁၀၈ | ၁၅၂၉ | ၃.၇၇% |
| ၈ | မူဆယ်မြို့နယ် | | | ၂၂၅၉၂ | ၂၀၀၀ | ၂၄၅၉၂ | |
| | | ဦးအောင်ဇော်မိုး(ခ)<br>အောင်ဇော်မိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၅ | ၁၇၃၆ | ၁၂၉၆၁ | ၅၂.၇၀% |
| | | ဦးစိုင်းဘိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၆၇ | ၂၆၄ | ၁၁၆၃၁ | ၄၇.၃၀% |
| ၉ | မိုင်းဆတ်မြို့နယ် | | | ၃၃၇၅၄ | ၄၆၃၉ | ၃၈၃၉၃ | |
| | | စိုင်းမိုးဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၃၉၉ | ၄၀၉၂ | ၂၉၄၉၁ | ၇၆.၈၁% |
| | | ဦးကျော်ဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၉၁ | ၂၄၆ | ၄၉၃၇ | ၁၂.၈၆% |
| | | စိုင်းငင်းဆိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၆၄ | ၃၀၁ | ၃၉၆၅ | ၁၀.၃၃% |
| ၁၀ | လားရှိုးမြို့နယ် | | | ၂၉၈၈၀ | ၅၇၃၇ | ၃၅၆၁၇ | |
| | | ဒေါက်တာမျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၄၄ | ၄၅၄၀ | ၁၉၅၈၄ | ၅၄.၉၈% |
| | | ဦးစိုးမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၅၆ | ၆၆၅ | ၆၈၂၁ | ၁၉.၁၅% |
| | | ဒေါ်ကေသီအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၈၀၂ | ၃၄၈ | ၅၁၅၀ | ၁၄.၄၆% |
| | | ဦးရှောင်ဂူး | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂၁၇၆ | ၅၆ | ၂၂၃၂ | ၆.၂၇% |
| | | ဦးမြင့်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၂ | ၁၂၈ | ၁၈၃၀ | ၅.၁၄% |
| ၁၁ | လင်းခေးမြို့နယ် | | | ၁၅၂၁၀ | ၃၁၅၅ | ၁၈၃၆၅ | |
| | | စိုင်းထွန်းစံ(ခ)စိုင်းဆေဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၈၀ | ၁၀၅၃ | ၉၇၃၃ | ၅၃.၀၀% |
| | | စိုင်းမြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၃၀ | ၂၁၀၂ | ၈၆၃၂ | ၄၇.၀၀% |
| ၁၂ | လွိုင်လင်မြို့နယ် | | | ၃၂၂၅၃ | ၃၇၅၈ | ၃၆၀၁၁ | |
| | | ဦးခွန်အောင်ဆန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၆၁၄ | ၆၅၂ | ၁၆၂၆၆ | ၄၅.၁၇% |
| | | ဦးခင်မောင်သီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၅၁ | ၂၄၂၁ | ၈၉၇၂ | ၂၄.၉၂% |
| | | စိုင်းစိုးတင့်(ခ) စိုင်းခမ်းပန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၂၅ | ၅၀၆ | ၈၄၃၁ | ၂၃.၄၁% |
| | | နန်းခဲ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၁၁ | ၉၉ | ၁၅၁၀ | ၄.၁၉% |
| | | ဦးဇော်မိုးလတ် | တစ်သီးပုဂ္ဂလ | ၇၅၂ | ၈၀ | ၈၃၂ | ၂.၃၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၃ | ကျုံပျော်မြို့နယ် | | | ၁၀၂၆၁၆ | ၆၀၅၄ | ၁၀၈၆၇၀ | |
| | | ဦးဇော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၉၀၂ | ၃၅၇၀ | ၃၉၄၇၂ | ၃၆.၃၂% |
| | | ဦးမျိုးသိန်း | ကရင်ပြည်သူ့ပါတီ | ၁၈၂၀၅ | ၆၈၆ | ၁၈၈၉၁ | ၁၇.၃၉% |
| | | ဦးကိုကိုထက် | ပြည်သူ့ပါတီ | ၁၃၀၃၁ | ၃၃၄ | ၁၃၃၆၅ | ၁၂.၃၀% |
| | | ဒေါ်အမာဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၃၃၉ | ၄၁၂ | ၁၀၇၅၁ | ၉.၈၉% |
| | | နန့်သန်းမြင့်ကြည် | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၇၈၄၁ | ၃၂၈ | ၈၁၆၉ | ၇.၅၂% |
| | | ဦးကြိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၉၃၆ | ၃၀၅ | ၇၂၄၁ | ၆.၆၆% |
| | | ဦးစံရှိန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၈၅ | ၃၄၁ | ၆၇၂၆ | ၆.၁၉% |
| | | ဒေါ်ငြိမ်းငြိမ်းအိ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၇၇ | ၇၈ | ၄၀၅၅ | ၃.၇၃% |
| ၁၄ | ပုသိမ်မြို့နယ် | | | ၁၃၂၆၃၄ | ၁၀၄၁၉ | ၁၄၃၀၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၃၁၆ | ၇၈၉၀ | ၅၇၂၀၆ | ၃၉.၉၉% |
| | | ဦးကျော်မောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၈၇၀ | ၅၂၁ | ၁၅၃၉၁ | ၁၀.၇၆% |
| | | ဦးမြင့်စိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၇၇ | ၄၂၁ | ၁၃၁၉၈ | ၉.၂၃% |
| | | စောလောလ | ကရင်ပြည်သူ့ပါတီ | ၁၂၅၂၇ | ၄၃၈ | ၁၂၉၆၅ | ၉.၀၆% |
| | | ဦးအောင်စိုး | ပြည်သူ့ပါတီ | ၁၁၀၂၀ | ၂၃၁ | ၁၁၂၅၁ | ၇.၈၆% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၈၁၅၈ | ၂၁၄ | ၈၃၇၂ | ၅.၈၅% |
| | | ဦးအောင်မင်းနိုင် | တစ်သီးပုဂ္ဂလ | ၇၈၂၀ | ၁၉၂ | ၈၀၁၂ | ၅.၆၀% |
| | | ဦးတင်ဖေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၇၄ | ၂၃၀ | ၆၈၀၄ | ၄.၇၆% |
| | | ဦးတင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၇၁ | ၁၅၆ | ၅၈၂၇ | ၄.၀၇% |
| | | ဦးအေးဝင်း(ခ)ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၃၉၀၁ | ၁၂၆ | ၄၀၂၇ | ၂.၈၂% |

စာမျက်နှာ ၁၃ သို့ »»

»» စာမျက်နှာ ၁၂ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၅ | မအူပင်မြို့နယ် | | | ၁၃၉၈၁၂ | ၅၂၈၂ | ၁၄၅၀၉၄ | |
| | | ဦးကံမြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၇၄၃ | ၄၂၂၃ | ၈၂၀၆၆ | ၅၇.၁၈% |
| | | ဦးဖြိုးဝေစိုး | ပြည်သူ့ပါတီ | ၁၇၇၂၂ | ၂၇၅ | ၁၇၉၉၇ | ၁၂.၄၀% |
| | | ဦးဝင်းစိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၉၈ | ၂၈၄ | ၁၄၆၈၂ | ၁၀.၁၂% |
| | | နော်မိုးမိုးဆန်း | ခေတ်သစ်ပြည်သူ့ပါတီ | ၈၅၄၈ | ၁၃၀ | ၈၆၇၈ | ၅.၉၈% |
| | | ဦးလင်းမင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၈၇၇ | ၁၆၉ | ၇၀၄၆ | ၄.၈၆% |
| | | ဦးစိုးလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၉၄ | ၈၈ | ၆၉၈၂ | ၄.၈၁% |
| | | ဦးမင်းမင်းဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၃၀ | ၁၁၃ | ၆၇၄၃ | ၄.၆၅% |
| ၁၆ | မြောင်းမြမြို့နယ် | | | ၁၃၄၈၆၃ | ၄၇၂၆ | ၁၃၉၅၈၉ | |
| | | ဒေါ်မြင့်စန္ဒာအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၁၄၃ | ၂၃၅၉ | ၅၀၅၀၂ | ၃၆.၁၈% |
| | | ဦးအောင်ခင် | ကရင်ပြည်သူ့ပါတီ | ၂၇၆၂၁ | ၈၇၄ | ၂၈၄၉၅ | ၂၀.၄၁% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၄၀ | ၅၁၁ | ၁၉၂၅၁ | ၁၃.၇၉% |
| | | ဦးထွန်းမြတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၂၇၄ | ၄၄၇ | ၁၃၇၂၁ | ၉.၈၃% |
| | | ဒေါ်ခင်မာဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၇၄ | ၁၃၉ | ၉၈၁၃ | ၇.၀၃% |
| | | ဦးသီဟ | ပြည်သူ့ပါတီ | ၈၉၄၇ | ၁၅၂ | ၉၀၉၉ | ၆.၅၂% |
| | | ဦးမင်းခေါင်သန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၆၄ | ၂၄၄ | ၈၇၀၈ | ၆.၂၄% |
| ၁၇ | ကြံခင်းမြို့နယ် | | | ၄၄၆၅၉ | ၂၀၃၆ | ၄၆၆၉၅ | |
| | | ဦးနိုင်မင်းဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၁၀၄ | ၅၉၁ | ၁၇၆၉၅ | ၃၇.၈၉% |
| | | ဦးမျိုးမင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၆၅ | ၁၀၅၅ | ၁၄၉၂၀ | ၃၁.၉၅% |
| | | ဒေါက်တာဦးတင်မောင်ကြိုင် | ပြည်သူ့ပါတီ | ၉၀၁၇ | ၂၆၀ | ၉၂၇၇ | ၁၉.၈၇% |
| | | ဦးလမင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၇၃ | ၁၃၀ | ၄၈၀၃ | ၁၀.၂၉% |
| ၁၈ | မြန်အောင်မြို့နယ် | | | ၉၇၂၀၆ | ၅၁၁၁ | ၁၀၂၃၁၇ | |
| | | ဦးအောင်ဝင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၇၀ | ၃၂၇၄ | ၄၃၈၄၄ | ၄၂.၈၅% |
| | | ဒေါ်ခင်ယုံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၁၇၂ | ၈၃၅ | ၂၄၀၀၇ | ၂၃.၄၇% |
| | | ဦးအောင်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၇၁ | ၅၉၁ | ၁၇၆၆၂ | ၁၇.၂၆% |
| | | ဦးမြင့်ခိုင် | ပြည်သူ့ပါတီ | ၁၆၃၉၃ | ၄၁၁ | ၁၆၈၀၄ | ၁၆.၄၂% |
| ၁၉ | လပွတ္တာမြို့နယ် | | | ၁၀၈၉၃၆ | ၃၃၂၃ | ၁၁၂၂၅၉ | |
| | | ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၀၄၇ | ၂၂၂၉ | ၄၈၂၇၆ | ၄၃.၀၁% |
| | | ဒေါ်ကျော့ကျော့စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၀၉၉ | ၃၄၃ | ၂၃၄၄၂ | ၂၀.၈၈% |
| | | ဦးကျော်လှိုင်ထွေး | ပြည်သူ့ပါတီ | ၁၀၆၁၂ | ၁၅၈ | ၁၀၇၇၀ | ၉.၅၉% |
| | | စဂျင်မီဦး | ကရင်ပြည်သူ့ပါတီ | ၉၀၀၁ | ၁၃၀ | ၉၁၃၁ | ၈.၁၃% |
| | | ဦးကျော်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၆၁ | ၁၇၅ | ၇၈၃၆ | ၆.၉၈% |
| | | ဦးနေထက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၅၀၉ | ၂၄၃ | ၇၇၅၂ | ၆.၉၁% |
| | | ဦးချစ်မင်းဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၀၇ | ၄၅ | ၅၀၅၂ | ၄.၅၀% |
| ၂၀ | ဟသ်ာတမြို့နယ် | | | ၁၃၀၇၄၃ | ၄၄၈၆ | ၁၃၅၂၂၉ | |
| | | ဦးငွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၉၆၇ | ၃၀၀၉ | ၅၆၉၇၆ | ၄၂.၁၃% |
| | | ဒေါ်ခင်အေးမွန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၃၇ | ၄၈၄ | ၂၄၁၂၁ | ၁၇.၈၄% |
| | | ဦးအောင်ကျော်လွင် | ပြည်သူ့ပါတီ | ၁၆၉၉၅ | ၂၅၉ | ၁၇၂၅၄ | ၁၂.၇၆% |
| | | ဒေါက်တာနမ့်ခင်သင်းစု | ကရင်ပြည်သူ့ပါတီ | ၁၀၅၉၁ | ၁၈၃ | ၁၀၇၇၄ | ၇.၉၇% |
| | | ဒေါ်သန္တာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၄၇ | ၂၇၉ | ၁၀၆၂၆ | ၇.၈၆% |
| | | ဦးဇင်ဗိုလ်ဗိုလ်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၀၉၄ | ၁၉၈ | ၉၂၉၂ | ၆.၈၇% |
| | | ဒေါ်လင်းလင်းထက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၁၂ | ၇၄ | ၆၁၈၆ | ၄.၅၇% |

# ဒဂုံမြို့နယ် အလက(၁)၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ဒဂုံမြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးဖုန်းမော်ထွန်းက အမှာစကား ပြောကြားသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါက်တာဥမ္မာထွေးက ကျေးဇူးတင်စကား ပြောကြားပြီး မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာထွေးအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်ဆု ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သင်ကြားမှု ထူးချွန်ဆုနှင့် ကျောင်းတက်ရက်မှန်ဆုများ၊ နဝမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူများ၊ အင်္ဂလိပ်စာစွမ်းရည်ဆုရရှိသူများ၊ သင်္ချာစွမ်းရည်ဆုရရှိသူများ၊ Grade-5 တွင် (A)အဆင့်ရရှိသူများ၊ Grade-9 တွင် (A)အဆင့်ရရှိသူများ၊ ပန်းချီနှင့် စာစီစာကုံးဆုရရှိသူများ၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော် ဇေယျာသီရိ မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာထူးချွန်ဆုနှင့် လူရည်ချွန်ဆုများရရှိအောင် သင်ကြားပြသပေးခဲ့သော ဆရာ ဆရာမများအား ဆုများပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် စာပေထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ Grade-5 နှင့် Grade-9 တွင် (A)အဆင့်ရရှိသူများနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသားကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# သမိုင်းဝင်ရွေးကောက်ပွဲများအပြီး မြန်မာနိုင်ငံက တောက်ပသောအနာဂတ်ကို အဘယ်ကြောင့် မျှော်လင့်နိုင်သနည်း

ဝေဖန်မှုများစွာကို လျစ်လျူရှုလျက် မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုကို ဖော်ဆောင်ရန် ရည်ရွယ်ထားသည့် ဤသမိုင်းဝင်ရွေးကောက်ပွဲများသည် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်နှောင့်ယှက်မှုများ ရှိနေလင့်ကစား တစ်လနီးပါးကြာမြင့်မည်ဖြစ်သည်။ နောက်ထပ် မဲပေးပွဲနှစ်ကြိမ်ကို ဇန်နဝါရီလ ၁၁ ရက်နေ့တွင် တစ်ကြိမ်နှင့် နောက်ထပ်နှစ်ပတ်အကြာတွင် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်သည်။ ဤကဲ့သို့ သုံးဆင့်ခွဲကျင်းပသည့် ရွေးကောက်ပွဲများသည် အရပ်သားအစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် လမ်းခင်းပေးမည်ဖြစ်သည်။

ပြီးစီးသွားသည်နှင့် တစ်ပြိုင်နက် ဤရွေးကောက်ပွဲများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အလွန်ခက်ခဲကြမ်းတမ်းပြီး ထူးခြားသော အခြေအနေများအောက်တွင် ဖြစ်ပေါ်ခဲ့သည့် တပ်မတော်က နိုင်ငံတော်အာဏာ ခေတ္တထိန်းသိမ်းထားခြင်းကို အဆုံးသတ်စေမည်ဖြစ်သည်။

ဝေဖန်သူများကမူ လက်ရှိရွေးကောက်ပွဲများကို ဟန်ပြသက်သက်သာဖြစ်သည်ဟု ခေါင်းစဉ်တပ်ကြပြီး နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော ပြင်းထန်သည့်အကြမ်းဖက်မှုများ၊ စစ်ဘက်ဆိုင်ရာ၏ မရိုးသားဟု စွပ်စွဲခံထားရသော ရည်ရွယ်ချက်များနှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည်ဟု စာရွက်ပေါ်တွင် ရှိနေဆဲဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ဖြစ်မလာနိုင်ကြောင်း ထောက်ပြကြသည်။

> **နိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသအများစုတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်သောကြောင့် နိုင်ငံတကာအဖွဲ့အစည်းအများအပြားက ရွေးကောက်ပွဲ၏ ယုံကြည်စိတ်ချရမှုကို ပယ်ချခဲ့ကြသည်။ သို့ရာတွင် လက်တွေ့ကျသော အခြေအနေကို အကဲဖြတ်နိုင်ရန်အတွက် နိုင်ငံတကာမီဒီယာများ၏ မှုန်ဝါးထားမှုကို ဖောက်ထွင်းကြည့်ရှုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က မြို့နယ်ပေါင်း ၂၆၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ယင်းသည် နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း မြို့နယ် ၃၃၀ ၏ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံထားခြင်းဖြစ်**

## ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲ

**ယင်းသည် အမှန်တရားနှင့် လွန်စွာကွာခြားလှသည်။ အစိုးရကို ပုတ်ခတ်ဝေဖန်မှုများမပြုလုပ်မီ ဤလေ့လာသုံးသပ်သူများအနေဖြင့် နားလည်ထားရမည်မှာ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲများသည် လွတ်လပ်ရေးရပြီးကတည်းက ရှုပ်ထွေးသော နိုင်ငံရေးအခင်းအကျင်းများကြားတွင်သာ အမြဲကျင်းပခဲ့ရပြီး မည်သည့်အခါကမျှ ပြီးပြည့်စုံခြင်းမရှိခဲ့သည်ကိုပင်ဖြစ်သည်။ ယခုရွေးကောက်ပွဲသည်လည်း ထို့အတူပင်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အခြေခံအုတ်မြစ်ချ ရွေးကောက်ပွဲများဖြစ်သည့် ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲကို ကြည့်ပါ။ ထိုရွေးကောက်ပွဲသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ချက်ချင်းဆိုသလို ဖြစ်ပေါ်လာခဲ့သည့် ရောင်စုံသူပုန်ထကြွမှုများနှင့် နိုင်ငံက ရင်ဆိုင်နေရချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။**

လွတ်လပ်ရေးရပြီးစ ဝန်ကြီးချုပ် ဦးနု၏ အစိုးရသည် မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့ပြင်ပသို့ ၎င်း၏အာဏာစက်ကို မဖြန့်ကြက်နိုင်ခဲ့သဖြင့် "ရန်ကုန်အစိုးရ" ဟုပင် အမည်တွင်ခဲ့သည်။ သို့သော် ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သော ရဲရင့်သည့် တန်ပြန်ထိုးစစ်တစ်ခုဖြင့် အစိုးရတပ်ဖွဲ့များက မြို့ကြီးများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၅၁ ခုနှစ်တွင် ကတိပြုထားသည့်အတိုင်း ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ထိုသမိုင်းဝင် ရွေးကောက်ပွဲများကိုလည်း အဆင့်သုံးဆင့်ခွဲ၍ ကျင်းပခဲ့သော်လည်း ၁၄ လ ကျော်ကြာကာလတစ်ခုအထိ ရှည်ကြာခဲ့သည်။ ၁၉၅၁ ခုနှစ် ဇွန်လတွင် စတင်ခဲ့ပြီး ၁၉၅၂ ခုနှစ် ဧပြီလတွင်မှ ပြီးဆုံးခဲ့သည်။ သို့သော်လည်း တိုင်းရင်းသားပြည်နယ်များ ဖွဲ့စည်းထားသည့် နယ်စပ်ဒေသအများအပြားတွင် မဲပေးပွဲများ မကျင်းပနိုင်ခဲ့ပေ။ အမှန်တကယ်တွင် တိုက်ပွဲများကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၏ ၁၁ ရာခိုင်နှုန်းခန့်တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ သို့သော် အခက်အခဲများကြားမှပင် ဦးနု၏ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) က သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ထို့နောက်တွင် ငြိမ်းချမ်းပြီး သာယာဝပြောသော ဒီမိုကရေစီ ဆယ်စုနှစ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။

## အလွန်အရေးပါသော ရွေးကောက်ပွဲတစ်ခု ထပ်မံကျင်းပ

၂၀၁၀ ပြည့်နှစ်သို့ ကျော်ကြည့်မည်ဆိုလျှင် မပြည့်စုံသော်လည်း အလွန်အရေးပါသော ရွေးကောက်ပွဲတစ်ခု ထပ်မံကျင်းပခဲ့သည်။ ထိုနှစ်တွင် တပ်မတော်ဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) က ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) ကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြီးနောက် ရွေးကောက်ပွဲများကို ကျင်းပပေးခဲ့သည်။

ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် စစ်အုပ်ချုပ်ရေးအပြီးတွင် ကျင်းပခဲ့သော ထိုရွေးကောက်ပွဲများကို သံသယရှိသူများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ ပြည်သူလူထုတစ်ရပ်လုံးသည် အလွန်ပြင်းထန်သော နာဂစ်မုန်တိုင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရသဖြင့် နိုင်ငံ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ အခြေအနေမှာလည်း အတော်လေးကျဆင်းနေခဲ့သည်။ ထိုအဆိုးမြင်မှုများကြားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် အဓိကနိုင်ငံရေးပါတီအချို့က ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ အမှန်စင်စစ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလုံးတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပေ။

သို့သော် အခက်အခဲအားလုံးကို ကျော်လွှားပြီး ထိုရွေးကောက်ပွဲများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် တာဝန်ယူခဲ့သော သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ဝေဖန်သူများ၏ အဆိုးမြင်မှုများရှိနေသော်လည်း ဦးသိန်းစိန် အစိုးရသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များပါဝင်သည့် ဘက်စုံပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆောင်လမ်းပြ မိတ်ဆက်ခဲ့သည်။ ရလဒ်အနေဖြင့် နောက်ထပ် ဆယ်စုနှစ်တစ်ခုကြာ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး စီးပွားရေးကို ရှေ့သို့ အရှိန်အဟုန်ဖြင့်တွန်းပို့ပေးခဲ့သည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) ရှစ်ဖွဲ့နှင့် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်" (NCA) ချုပ်ဆိုနိုင်ခဲ့ပြီးနောက် နိုင်ငံရေးတည်ငြိမ်မှု ပြန်လည်ရရှိခဲ့သည်။

ယခုအခါ အနောက်နိုင်ငံများကြီးစိုးသော ဇကဝင်ရိုးကမ္ဘာမှ ဗဟုဝင်ရိုးကမ္ဘာဆီသို့ ဦးတည်ရွေ့လျားနေပြီဖြစ်၍ နိုင်ငံတကာအခင်းအကျင်းလုံးဝပြောင်းလဲသွားပြီဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲများသည် ၂၀၁၀ ပြည့်နှစ် အခြေအနေကို သဲ့သဲ့မျှ ထင်ဟပ်နေပါသည်။

**နိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသအများစုတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်သောကြောင့် နိုင်ငံတကာအဖွဲ့အစည်းအများအပြားက ရွေးကောက်ပွဲ၏ယုံကြည်စိတ်ချရမှုကို ပယ်ချခဲ့ကြသည်။ သို့ရာတွင် လက်တွေ့ကျသော အခြေအနေကို အကဲဖြတ်နိုင်ရန်အတွက် နိုင်ငံတကာမီဒီယာများ၏ မှုန်ဝါးထားမှုကို ဖောက်ထွင်းကြည့်ရှုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က မြို့နယ်ပေါင်း ၂၆၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ယင်းသည် နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း မြို့နယ် ၃၃၀ ၏ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံထားခြင်းဖြစ်သည်။**

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ မဲပေးပွဲများ ကျင်းပခဲ့သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ ရှိ မဲဆန္ဒရှင်များ မဲရုံများသို့ သွားရောက်ကြမည်ဖြစ်ပြီး ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တတိယအဆင့် မဲပေးပွဲဖြင့် အဆုံးသတ်မည်ဖြစ်သည်။

ရွေးကောက်ပွဲများသည် လူဦးရေ၏ ထက်ဝက်အောက်သာ လွှမ်းခြုံမှုရှိသည်ဟု ဟစ်ကြွေးနေကြသော သတင်းအချက်အလက် နားလည်မှုလွဲမှားနေသူများ သို့မဟုတ် ဘက်လိုက်မှုရှိသော ပြည်ပလေ့လာသူများ၏အမြင်များနှင့် ဆန့်ကျင်ဘက်အားဖြင့် မြေပြင်အမှန်တရားများက တခြားတစ်မျိုးကို ဖော်ပြနေသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ ရွေးကောက်ပွဲ ဖျက်သိမ်းထားသော မြို့နယ် ၆၅ မြို့နယ်တွင် နေထိုင်သူလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရသည်။ အဆိုပါ မြို့နယ် ၆၅ မြို့နယ်သည် ဝေးလံခေါင်သီသော ဒေသများဖြစ်ခြင်းကြောင့် လူဦးရေကျဲပါးသည်သာမက ပဋိပက္ခဖြစ်ပွားရာ ထိုဒေသများမှ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှုများပြားခြင်းကလည်း ထိုနေရာများ၏ လူဦးရေသိပ်သည်းဆကို ပိုမိုလျော့နည်းစေခဲ့သည်။


ဆောင်းပါးရှင် - Atul Aneja

## ရွေးကောက်ပွဲများတွင် ဆန်းသစ်တီထွင်မှုနှင့် လတ်ဆတ်မှုတို့ကို ထည့်သွင်းဆောင်ရွက်ခဲ့

ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အခက်အခဲများ ရှိနေသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) က ဤရွေးကောက်ပွဲများတွင် ဆန်းသစ်တီထွင်မှုနှင့် လတ်ဆတ်မှုတို့ကို ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပိုမိုကိုယ်စားပြုမှုရှိစေရန်အတွက် အချိုးကျကိုယ်စားပြုစနစ်(PR) နှင့် မဲအများဆုံးရသူအနိုင်ရသည့်စနစ် (FPTP) ပေါင်းစပ်ထားသောစနစ်သစ် (ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်– MMP) ကို ဤရွေးကောက်ပွဲများတွင် မိတ်ဆက်ကျင့်သုံးခဲ့သည်။ ဆိုလိုသည်မှာ အချိုးကျကိုယ်စားပြုစနစ်ကို အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်သည်။ ရလဒ်အားဖြင့် အမတ်နေရာ ထက်ဝက်ခန့်ကို ပါတီငယ်များအတွက် သီးသန့်ဖြစ်စေနိုင်သည့် ဤပြဋ္ဌာန်းချက်များသည် တိုင်းရင်းသားနိုင်ငံရေးပါတီများစွာကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တွန်းအားဖြစ်စေခဲ့သည်။

ယင်းနှင့် ဆန့်ကျင်ဘက်အားဖြင့် လွန်ခဲ့သော ရွေးကောက်ပွဲသုံးကြိမ်တွင် အကြီးဆုံးသော ပြည်လုံးကျွတ်ပါတီကြီးများ ဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် NLD ပါတီတို့သည် တစ်ခုတည်းသော ရွေးချယ်စရာဖြစ်သည့် မဲအများဆုံးသူ အနိုင်ရစနစ် (FPTP) မှ အကျိုးအမြတ်ရရှိခဲ့ကြသည်။ ထို့ကြောင့် ကရင်၊ ကယား၊ ချင်းနှင့် ပအိုဝ်းအဖွဲ့များကို ကိုယ်စားပြုသော တိုင်းရင်းသားပါတီငယ်များသည် အမတ်နေရာအရေအတွက် များများစားစား မရရှိခဲ့ကြပေ။

စာမျက်နှာ ၁၅ သို့ ☆

☆ စာမျက်နှာ ၁၄ မှ

ယင်းက တိုင်းရင်းသားအုပ်စုများအကြားတွင် ကြီးမားသော စိမ်းကားသီးခြားဖြစ်မှုများကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းတို့အနက်မှ အများအပြားသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ကို ပြင်ဆင်ရန် အဆိုပြုချက်ကို ထောက်ခံနေသည်ဟု သတင်းများထွက်ပေါ်နေသည်။ ရလဒ်အနေဖြင့် သတ်မှတ်ထားသော တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဝန်ကြီးချုပ်များကို ကိုယ်တိုင်ရွေးချယ်ခွင့်ရရှိလာမည်ဖြစ်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားအုပ်စုများ၏ ပါဝင်ပတ်သက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်သည်။

**❝ စိတ်ဝင်စားစရာကောင်းသည်မှာ ဤရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများ၏ ၁၈ ရာခိုင်နှုန်းနီးပါးသည် အမျိုးသမီးများဖြစ်ကြပြီး ယင်းသည် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ စတင်ကျင်းပချိန်မှစ၍ အမြင့်ဆုံးအရေအတွက်ဖြစ်သည်။ ပဋိပက္ခများရပ်တန့်ရေးနှင့် အမျိုးသမီးနှင့် လူငယ်အခွင့်အရေးမြှင့်တင်ရေးတို့တွင် တက်ကြွစွာ ဆောင်ရွက်နေကြသော အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်မည်ဟူသော မျှော်လင့်ချက်များကို ဤအချက်က မြင့်တက်စေ ❞**

### အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို များစွာအားပေးကူညီနိုင်မည်

အချိုးကျကိုယ်စားပြုစနစ်အတွက် မဲဆန္ဒနယ်များကို ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ပေးလိုက်ခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ MMP စနစ်သည် ပဋိပက္ခဖြစ်ပွားရာ ပြည်နယ်များရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် အသက်ရှူချောင်စေမည့် အခွင့်အရေးကို ပေးစွမ်းနိုင်ခဲ့သည်။ ဤအချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို များစွာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ပဋိပက္ခအလွန်ပြင်းထန်သော ရခိုင်နှင့် ချင်းပြည်နယ်ကဲ့သို့သော ဒေသများတွင် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) အတွက် ရွေးကောက်ပွဲများကို အများအားဖြင့် ဖျက်သိမ်းထားသော်လည်း အချို့သော ကိုယ်စားလှယ်လောင်းများသည် အချိုးကျကိုယ်စားပြုစနစ်ကြောင့် အမျိုးသားလွှတ်တော်(အထက်လွှတ်တော်) သို့ ဝင်ရောက်နိုင်ရန် မျှော်လင့်နိုင်ကြဆဲဖြစ်သည်။ ထူးဆန်းသည်တော့မဟုတ်၊ MMP စနစ်၏ အားသာချက်ကို ရယူကာ ပါတီအရွယ်အစားသေးငယ်သော်လည်း ရခိုင်နိုင်ငံရေးပါတီ ငါးပါတီနှင့် ချင်းနိုင်ငံရေးပါတီသုံးပါတီတို့သည် လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လက်နက်ကိုင်မဟုတ်သော တိုင်းရင်းသားခေါင်းဆောင်များကို လွှတ်တော်တွင်းသို့ ခေါ်ဆောင်လာခြင်းသည် အခြားအရေးပါသော အကျိုးသက်ရောက်မှုတစ်ခုလည်းရှိနေသည်။ ဤဥပဒေပြုလွှတ်တော်အမတ်များရှိနေခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ထားသော တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းမှုကို အားပေးကူညီနိုင်မည်ဖြစ်သည်။

စိတ်ဝင်စားစရာကောင်းသည်မှာ ဤရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများ၏ ၁၈ ရာခိုင်နှုန်းနီးပါးသည် အမျိုးသမီးများဖြစ်ကြပြီး ယင်းသည် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ စတင်ကျင်းပချိန်မှစ၍ အမြင့်ဆုံးအရေအတွက်ဖြစ်သည်။ ပဋိပက္ခများရပ်တန့်ရေးနှင့် အမျိုးသမီးနှင့် လူငယ်အခွင့်အရေးမြှင့်တင်ရေးတို့တွင် တက်ကြွစွာ ဆောင်ရွက်နေကြသော အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်မည်ဟူသော မျှော်လင့်ချက်များကို ဤအချက်က မြင့်တက်စေသည်။

နောက်ဆုံးအနေဖြင့် မဲရေတွက်မှုဆိုင်ရာ မသမာမှုများကို တန်ပြန်ရန်နှင့် ခေတ်မီနည်းပညာ အသုံးပြုခြင်းမှတစ်ဆင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုအဆင့်အတန်းကို မြှင့်တင်ရန်အတွက် UEC သည် မြန်မာအီလက်ထရောနစ်မဲပေးစက်များ (MEVMs) ကို မိတ်ဆက်အသုံးပြုခဲ့သည်။ ထို့ပြင် မဲပေးစက်များအသုံးပြုခြင်းသည် ယခင်က လက်ရေးဖြင့် ဆောင်ရွက်စဉ် ကြုံတွေ့ခဲ့ရသော အဓိက ပြဿနာတစ်ခုဖြစ်သည့် "ပယ်မဲ" ဖြစ်ပေါ်နိုင်ခြေကို ပပျောက်စေသည်။ အမှန်တကယ်တွင် စာရွက်မဲလက်မှတ်များကို အသုံးပြုခဲ့သည့် ယခင်ရွေးကောက်ပွဲသုံးကြိမ်စလုံး၌ အဟောသိကံဖြစ်သွားသော ပယ်မဲရာခိုင်နှုန်းသည် ငါးရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။

MEVM စက်များကို ပြင်ပမှ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုနိုင်စေရန် UEC က အထူးအလေးထား ဆောင်ရွက်ထားသည်။ ယင်းစက်များအား ရိုးရှင်းသောဒီဇိုင်းကို အခြေခံထားရှိခြင်းနှင့် အင်တာနက်ချိတ်ဆက်နိုင်သည့်စနစ်များ လုံးဝမပါဝင်အောင် လုပ်ဆောင်ထားခြင်းဖြင့် အာမခံချက်ပေးထားသည်။

### အာရှဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုပါ သိသိသာသာ အားပေးကူညီနိုင်မည်

မြန်မာနိုင်ငံတွင် သုံးပိုင်းခွဲ၍ ကျင်းပသည့် ဤရွေးကောက်ပွဲများ အောင်မြင်ခြင်းက ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သာယာဝပြောရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အောင်မြင်မှုဖြစ်စဉ်များကို တွန်းအားပေးရန်သာမက ကျယ်ပြန့်သော အာရှဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုပါ သိသိသာသာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ယဉ်ကျေးမှုကြီးမားသော နိုင်ငံကြီးနှစ်ခုဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား ပေါင်းကူးတံတားသဖွယ်တည်ရှိနေသော မဟာဗျူဟာမြောက် နယ်ခြားနိုင်ငံ (frontier state) မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ အမျိုးသားအကျိုးစီးပွားများ ထိပ်တိုက်မတွေ့ဘဲရှိနေသည့် ထူးခြားသောနိုင်ငံတစ်ခုဖြစ်သည်။ အမှန်စင်စစ် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံစလုံးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုမှ အကျိုးကျေးဇူး များစွာရရှိနိုင်သဖြင့် အကျိုးစီးပွားချင်း တူညီမှုရှိနေသည်။ အရှေ့တောင်အာရှနှင့် ပိုမိုထိတွေ့ဆက်ဆံရေးဟူသော အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ (Act East Policy) သည် အိန္ဒိယနှင့် အာဆီယံ ၁၀ နိုင်ငံကြား အဓိကပထဝီဝင်ချိတ်ဆက်မှုဖြစ်သည့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့အတူ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည်လည်း မြန်မာနိုင်ငံတွင် ပဋိပက္ခကင်းစင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလှုပ်ရှားမှုကို ဦးဆောင်နေသည့် အဖွဲ့အစည်းကြီးနှစ်ခုဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) နှင့် BRICS အဖွဲ့တို့သို့ ဝင်ရောက်ရန် ပြင်းပြသော စိတ်ဝင်စားမှုကို ပြသထားသောကြောင့် ရွေးကောက်ပွဲလွန်ကာလ အနာဂတ်ကိုမျှော်ကြည့်တတ်သော မြန်မာနိုင်ငံသည် နိုင်ငံတကာ ဗဟုဝါဒဖြစ်စဉ်ကိုလည်း အားပေးရာရောက်မည်ဖြစ်ပါသည်။ ။

(ဆောင်းပါးရှင် သတင်းစာဆရာ Atul Aneja ရေးသားသည့် Why Myanmar can hope for a bright future after landmark elections ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ )

သတင်းစာဆရာ Atul Aneja သည် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖြစ် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် အတူလိုက်ပါ၍ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လေ့လာခဲ့သူတစ်ဦးဖြစ်ပါသည်။ သူသည် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ Myanmar Narrative Think Tank ၏ အကျိုးဆောင်အကြံပေးတစ်ဦးလည်း ဖြစ်ပါသည်။

Original Article Link–
https://www.geopolitika.ru/en/article/why-myanmar-can-hope-bright-future-after-landmark-elections?

## ဇီးကုန်းမြို့နယ်၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ဇီးကုန်း ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)တွင် တိုင်းရင်းသားပြည်သူများအားလုံး ပါဝင်နိုင်ရန်အတွက် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်း၊ အသိပညာပေး



လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၅ ရက်က ဆောင်ရွက်ခဲ့သည်။

ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် ပြည်သူများ ဆန္ဒမဲပေးကြရန် "မဲပေးကြစို့တို့နှိုးဆော်"၊ "တို့အတူ မဲပေးကြမည်"၊ "ပြည်သူ့တာဝန်ကျေပါစေ"၊ "ဆန္ဒမဲပေးကြပါ" စသည့်မဲပေးခြင်း အသိပေးနှိုးဆော်သီချင်းများကို အသံချဲ့စက်ဖြင့်လူစည်ကားရာ မြို့မဈေးပတ်ဝန်းကျင်နှင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများအထိ လှည့်လည်ဆော်ဩခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှေ့၌ ဆောင်ရွက်ခဲ့စဉ်။**

ခရိုင်(ပြန်/ဆက်)

❋ MNL – 2 မှ

ရမှတ်တူသော်လည်း ရန်ကုန်စီးတီးအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးနေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲအစ ရှစ်မိနစ်တွင် ဖိလစ်က Chinland အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပထမပိုင်းပြီးခါနီးတွင် သော်ဇင်ထွေးက မြဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၅၅ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည့် သော်ဇင်ထွေးကပင် သွင်းယူခဲ့သည်။ ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းက ရမှတ် ၂၀ စီ၊ Chinland အသင်းက ၁၉ မှတ်၊ တက္ကသိုလ်အသင်းက ၁၇ မှတ်၊ Glory Goal အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ ငွေကြယ်ပွင့်အသင်းက သုံးမှတ်ရထားပြီး YB United အသင်းက အမှတ်မရသေးပေ။

**ရှိုင်းထက်ဇော်**

☼ ရီးယဲလ်မက်ဒရစ်အသင်းမှ

ရီးယဲလ်မက်ဒရစ်အသင်းဟာ ရီးယဲလ်ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် (၁၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၅ မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က ဘာစီလိုနာအသင်းနဲ့ လေးမှတ်အကွာ အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ရပ်တည်**

ရီးယဲလ်ဘတ်တစ်အသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လာလီဂါပွဲစဉ် (၁၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၆) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

❍ ကျောဖုံးမှ

၁၁ ပွဲကစား ၁၉ မှတ်၊ YREO အသင်းက ၁၁ ပွဲကစား ၁၀ မှတ်၊ Young Lionesses အသင်းက ၁၁ ပွဲကစား ရှစ်မှတ်၊ မြဝတီအသင်းက ၁၀ ပွဲကစား လေးမှတ်ရထားပြီး ရန်ကုန်စီးတီးအသင်းမှာမူ ၁၁ ပွဲကစား အမှတ်မရသေးပေ။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MWL**

■

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

ဒေါက်တာဖြူဖြူသင်း၊ ပါမောက္ခ(ဌာနမှူး)၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမည့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit (၁၂)ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading၊ vocabulary၊ grammar၊ listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းတွေအများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ Complete the sentences with the appropriate words. The initial letters are given. ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

In some areas, hydroelectric dams use the energy of flowing water to g---------- electricity. လို့ ပေးထားရင် သင့်လျော်တဲ့ စကားလုံးဖြစ်တဲ့ generate ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ မေးခွန်းနံပါတ် ၂ ကတော့ Choose the appropriate words or phrases to complete the sentences. ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

For many people these days, a mobile phone is no longer a luxury but a ----------. ဆိုတဲ့မေးခွန်းမှာ

(A) need (B) necessity (C) demand

လို့ ပေးထားရင် အဖြေမှန်ဟာ (B) necessity ဖြစ်ရပါမယ်။ နောက်ဥပမာတစ်ခုဖြစ်တဲ့

Coffee was one thing that ---------- me get through the morning.

(A) let (B) felt (C) helped

လို့ ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်တဲ့အဖြေဟာ (C) helped ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါကို မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ၊ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets. လို့ မေးထားတယ်။ ဝါကျ(၁၀)ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10, Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

Thu Thu didn't go to the get-together party because she had to work late. (Use the zero/ first/ second/ third conditional.) လို့ မေးလာခဲ့ရင်

If Thu Thu had not had to work late, she would have gone to the get-together party./

သို့မဟုတ်

Thu Thu would have gone to the get-together party if she had not had to work late. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေဆိုရာမှာ Subordinate clause ဖြစ်တဲ့ If clause ကို ရှေ့ကထားရေးမယ်ဆိုရင် ',' ကို မဖြစ်မနေထည့်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် IV မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV (A) ကတော့ Write the appropriate words or groups of words to complete the lines of verse. လို့ မေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

And looked down one as far as I could

To where it bent in ----------;

လို့ မေးရင် the undergrowth လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ Answer the questions in complete sentences. ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

Why are diet and nutrition considered the most fundamental human needs? လို့မေးရင်

Diet and nutrition are considered the most fundamental human needs because they are essential for our health, energy and growth.လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

Yet knowing how way leads on to way,

I doubted if I should ever come back.

လို့ ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာနှစ်ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။ V (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "As a result, the amount of carbon dioxide ($CO_2$) in the atmosphere is increasing dramatically." လို့ပေးထားပြီး "We may have a --------- in the amount of atmospheric carbon dioxide if we continue to use fossil fuel." လို့ မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့ မရပါဘူး။ စာပိုဒ်ထဲက is increasing dramatically" ဟာ verb phrase ဖြစ်နေပြီး မေးထားတဲ့ဝါကျမှာ ဖြေရမယ့်အဖြေဟာ noun phrase ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ dramatic increase ဖြစ်ပါတယ်။

V (B) ကတော့ "Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့ လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "... the Earth is running out of fossil fuels, which means that there is a need for alternative sources of energy for use on a wide scale." လို့ပေးထားပြီး Why do we need alternative sources of energy for our day-to-day life? လို့မေးထားရင် အဖြေက " We need alternative sources of energy for our day-to-day life because the Earth is running out of fossil fuels." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်း နံပါတ် ၆ ကတော့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်များပါတဲ့ unseen reading passage ကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂မျိုးနဲ့မေးမှာ ဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေပါတဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသား ကျောင်းသူအများစုဟာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။

VI (A) ကတော့ "Find the bold-faced words in the passage that are similar in meaning to the following. There is an extra." ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစု ၅ ခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– miserable လို့မေးထားလျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် melancholic ကို ရေးပေးရမှာဖြစ်ပါတယ်။

VI (B) ကတော့ Answer the following questions. Give complete answers. ပဲဖြစ်ပါတယ်။

မေးခွန်းရဲ့မေးထားတဲ့အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။ According to the passage, what does the writer suggest? Do you agree with it, and why or why not? လို့မေးရင် စာရေးဆရာရဲ့ အကြံပြုချက်၊ ထင်မြင်ယူဆချက် စတဲ့အကြောင်းရင်းကို မေးတာဖြစ်ပါတယ်။ အဲဒီတော့ အဖြေက According to the passage, the writer suggests that the best way to lead a life is to live in the moment.

အဲဒီနောက်က မေးတဲ့ Do you agree with it, ... ကတော့ ကိုယ်က စာရေးဆရာရဲ့ အမြင်နဲ့ပတ်သက်ပြီး သဘောတူ မတူမေးတာဖြစ်လို့ "Yes or No" ဖြေပေးရမှာပါ။ ဒ့ါအပြင် "... and why or why not?" လို့ မေးတာဖြစ်တဲ့အတွက် ကိုယ်ဘာကြောင့်သဘောတူလဲ၊ မတူဘူးလဲဆိုတဲ့ အကြောင်းရင်းကို ဖြေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူရင်

Yes, (I agree with it) because it is important to concentrate on the present situation rather than the past and the future. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

သဘောမတူရင်တော့

No, (I do not agree with it) because we need to consider all the consequences of the past and take the previous lesson based on the mistakes we made. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဥပမာ ဖြေပေးထားတာဖြစ်ပါတယ်။ ဆီလျော်မှန်ကန်တဲ့ အဖြေဆိုရင် လက်ခံပါတယ်။

စာမျက်နှာ ၁၇ သို့ »»

»»» စာမျက်နှာ ၁၆ မှ

ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, 11, 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ Complete the dialogue with the expressions given in the box. There is an extra. လို့ ပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ် ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Expression တစ်ခု ပိုပေးထားပါတယ်။

ဥပမာ–

Thinzar: Hi, Su Mon. We haven't seen each other since the beginning of the Thidingyut holiday. (1) ----------?

Su Mon: I went on a trip to Bagan with my cousins. After the trip, I helped my mum with the housework.

လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ What have you been doing? လို့ ဖြေပေးရပါမယ်။

ဒုတိယပိုင်းကတော့ Grade 6 to Grade 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (B) ကတော့ Complete the exchanges using the expressions given in the box. There is an extra. လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည် အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း Expression တစ်ခု ပိုပေးထားပါတယ်။

မေးခွန်းနံပါတ် ၈ ကတော့ Letter writing ဖြစ်ပြီး Choose a situation given below and write a letter. Do not write more than 300 words. လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11, Grade 12 စာအုပ်တွေမှာပါတဲ့ Formal letter နဲ့ Informal letter များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။

ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Kyi Pyar. Your address is No.31, 31st Street, Mandalay. Write a letter to your friend, Muyar, telling her about a birthday party at home, informing what your plans are for it, and inviting her to come and help you at the party.

ဆိုတဲ့ မေးခွန်းကိုကြည့်ရင် addresser က Kyi Pyar ဖြစ်ပြီး addressee က Muyar ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်သုံးချက် ပါပါတယ်။ ပထမအချက်က a birthday party at home အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေဖြင့် informing what your plans are for it လို့မေးထားတဲ့အတွက် ကိုယ့်ရဲ့ Plans တွေအကြောင်းကို ပြောပြရမှာပါ။ တတိယအချက်အနေနဲ့ inviting her to come and help you at the party. လို့ မေးထားတဲ့အတွက် သူမကို လာဖို့နဲ့ မွေးနေ့ပွဲမှာ ကူညီပေးဖို့ ဖိတ်ခေါ်ရန်အတွက် ရေးသားရမှာဖြစ်ပါတယ်။ အချက်သုံးချက်လုံးကို တိတိကျကျဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

မေးခွန်းနံပါတ် ၉ ကတော့ Essay ဖြစ်ပြီး Write an essay on ONE of the following. Do not write more than 500 words. ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

The importance of time management for success in school and life ဆိုတဲ့ စာစီစာကုံးမှာ ကျောင်းနဲ့ဘဝမှာအောင်မြင်စေဖို့ အချိန်စီမံခန့်ခွဲမှုအရေးပါပုံကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမည့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမည့်အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့ အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။

နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန် သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေ ကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန် ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမည့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ॥

## ဝေါမြို့နယ်၌ ပညာရေးစုံညီပွဲတော် အောင်မြင်စွာကျင်းပ

ဝေါ ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (ဝေါ) သီရိဧယျာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ပညာရေးမှူး ဒေါ်လှကြူမာက ပညာရေး၏အရေးပါမှု၊ လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပွဲတော်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပညာရေးကဏ္ဍတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် ကျင်းပ

အမရပူရ ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပလစ-၂(အမှတ်(၂)ပြင်ပပင်မလျှပ်စစ် အင်ဂျင်နီယာတပ်ရင်း) စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



ဦးစွာ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကား ပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်များတွင် အဘက်ဘက်မှ ထူးချွန်ဆုရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၅



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မိမိတို့မြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများအား မဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေးအတွက် အထူးကိစ္စရပ် တစ်ရပ်အနေဖြင့် (ပျက်စီး၊ ပျောက်ဆုံး) သည့် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့စဉ် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောက်ဥက္ကလာပမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များတွင် မဲဆန္ဒရှင်ပြည်သူများအား မဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေး အတွက် အထူးကိစ္စရပ် တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ (ပျက်စီး၊ပျောက်ဆုံး)သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီ အမြန်ဆုံးစိစစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစည်သူဝင်း ဦးဆောင်သော သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အတွင်း မဲရုံဖွင့်လှစ်မည့်နေရာများနှင့် မဲရုံပတ်ဝန်းကျင်နေရာများအား မီးဘေးလုံခြုံရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ ရွှေသား(IPRD)

# “သီရိသုဓမ္မမဏိဇောတဓရ” ဘွဲ့တံဆိပ်တော်အား လက်ခံရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၄-၁-၂၀၂၆ တွင် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ “သီရိသုဓမ္မမဏိဇောတဓရ” ဘွဲ့တံဆိပ်တော်အား GROUP OF SHWE NADI SHWEYI COMPANY LIMITED ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း မှ လက်ခံရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါသည်။

**MD, BOD Director များနှင့် ကုမ္ပဏီဝန်ထမ်းများ**

- SHWE NADI SHWEYI Co.,Ltd
- NADI SHWEYI Co.,Ltd
- SHWE NADI SHWEYI CONSTRUCTION Co.,Ltd
- SHWE NADI SHWEYI FILM PRODUCTION Co.,Ltd
- SHWE NADI SHWEYI ENTERTAINMENT Co.,Ltd
- TMW . WIN Co.,Ltd
- KAUNG KAUNG NADI Co.,Ltd
- MINGALARPAR MISS MYANMAR Co.,Ltd
- TMW Film Production
- Kaung Film Production

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ (၁၂၃) ရပ်ကွက်၊ ပင်းယ(၁)လမ်း၊ မြေကွက်အမှတ်(၄၁၆)၊ မြေကွက် အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)အနက်မှ ခေါင်းရင်းဘက်ခြမ်း(၂၀ပေx၆၀ပေ)ရှိ ဦးကျော်ရှိန် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဝင်း [၁၂/ဗဟန(နိုင်)၀၅၇၆၃၆] က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်တာမင်းသု [၁၂/ဒဂရ (နိုင်)၀၄၇၅၆၆] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဒေါ်သော်တာမင်းသု** **[၁၂/ဒဂရ (နိုင်)၀၄၇၅၆၆]**

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်မွှေးမွှေးမြင့် (LL.B)** **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၃၇)**

**အမှတ်(၃၉၂)၊ မြေညီ(B)၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၉၅၀၃၅၇၂၂၅**

## “ဦးလှဝင်း [၁၂/ပဘတ (နိုင်)၀၁၂၆၀၁] သိစေရန်”

ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး စာချုပ်မှတ်ပုံတင်အမှတ် - ၂၁၅၉/၂၀၀၃ ဖြင့် ပူးတွဲပိုင်ဆိုင်သူ ဦးလှဝင်း၊ ဦးတင်ဝင်း၊ ဒေါ်မြင့်မြင့်စောတို့အနက်မှ ကျွန်ုပ်မိတ်ဆွေသည် ဒေါ်မြင့်မြင့်စောနှင့် အခန်းပေး အခန်းယူ (၈) ထပ်ခွဲတိုက်အဆောက်အအုံဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် လိုင်စင်ရကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အား (၁၃-၁-၂၀၁၈) ရက်နေ့က ချုပ်ဆိုခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေက ဒေါ်မြင့်မြင့်စောနှင့် တွေ့ဆုံပြီးနောက် ဦးလှဝင်းနှင့် ဦးတင်ဝင်း ဇနီးတို့ကို ဒေါ်မြင့်မြင့်စောက ပူးတွဲပိုင်ရှင်များကိစ္စ ဖြေရှင်းပြီးဖြစ်၍ ၎င်းတစ်ဦးတည်းအမည်ပေါက်ရန် ဆောင်ရွက်လုပ်ကိုင်နေကြောင်းပြောပြီး ကျွန်ုပ်မိတ်ဆွေသို့ ပေးအပ်ခဲ့သည့် စာချုပ်မိတ္တူများနှင့်အတူ **ပူးတွဲအမည်ပေါက် အကျိုးခံစားခွင့်များ ဒေါ်မြင့်မြင့်စောနှင့် ဖြေရှင်းပြီးမပြီး ၎င်းအား ဆက်သွယ် ဆောင်ရွက်နိုင်ရန်** တရားဝင်အကြောင်းကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

ဦးလှဝင်း ဖုန်း 09-456987631 နှင့် ဆက်သွယ်စာဝေရာ လက်မခံငြင်းဆို၍ သတင်းစာမှ ထည့်သွင်းကြော်ငြာရခြင်းဖြစ်ပါသည်။ အကြောင်းကြားစာနှင့် မိတ္တူများရယူလိုလျှင် ကြော်ငြာပါရုံးခန်းတွင် ဦးလှဝင်း ကိုယ်တိုင် လာယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၆၇၁၆)**
**အမှတ်-၁၄၀၊ ဒုတိယထပ်၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၄၃၀၃၄၇၅၅**

## ကန့်ကွက်နိုင်ပါသည်

Maw Shwe Myaing Travels & Tours Co.,Ltd မှ ဦးကျော်နိုင် [၁၀/မလမ(နိုင်)၁၂၀၁၁၄](MD)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဦးကျော်နိုင်သည် ကုမ္ပဏီမှ နုတ်ထွက်ပြီး ၎င်းရာထူးအား ဒါရိုက်တာဖြစ်သူ နွယ်နွယ်စိုး [၉/သစန(နိုင်)၁၂၈၅၃၉] အား မန်နေဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ (MD) အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**Maw Shwe Myaing Travels & Tours Co.,Ltd**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ Eco Green City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆)တို့အား အမည်ပေါက် 5 Mile Industrial Part And Logestic Hub Company Limited၊ ကုမ္ပဏီ မှတ်ပုံတင်အမှတ်(127683751)မှ မြေချပါမစ်ဆောင်ရွက် ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၊ နဝရတ်လမ်း၊ အမှတ်- ၈၃၇၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သန်းစိန် BN-၀၃၃၈၅၉ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း(၂၀x၆၀)ပေ ခြေရင်းခြမ်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးထွန်းထွန်းနိုင် [၁၁/တကန(နိုင်) ၀၈၀၆၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း[၁၁/တကန(နိုင်)၀၈၆၇၆၅]က (၃၀-၁၂-၂၀၂၅) ရက်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေပါကြောင်းနှင့် ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၀)**
**ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ မယဉ်ယဉ်နွဲ့ [၁၂/ပဘတ (နိုင်) ၀၃၆၃၉၂]၏ ဖခင် ဦးသိန်း (နှင့်) မောင်သိန်း [၁၂/ပဘတ (နိုင်) ၀၁၆၆၇၀] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၁၄၄၊ မြေကွက်တည်နေရာအမှတ်-၁၄၄၊ မင်းရဲကျော်စွာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်စိန် (AA-၀၀၃၀၄၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ခင်စိန်(မိခင်)နှင့် ဦးဘရင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်နီမာ [၁၂/ဥကတ(နိုင်)၀၀၂၅၈၈](S/OKA-၀၀၃၄၈၈)၊ ဒေါ်ခင်အေးသန့် [၁၂/ဥကတ(နိုင်)၀၀၃၁၁၀]၊ (S/OKA-၀၅၁၃၀၁)တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၁၉၂/၂၀၂၅/၂၅-၉-၂၀၂၅) ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင် ဂရန်/နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၃၀၇

### သဃ်္ဃန်းကျွန်းခရိုင်တရားရုံး

### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၂၂

### ကွယ်လွန်သူ ဒေါ်ခင်ခင်လတ်၌ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်ခင်လေးငယ်** ---------- **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄ (ကံဘဲ့)၊ မြေကွက်အမှတ် - ၁၃(ခ)-၂၊ ဧရိယာ (၀.၀၇၆)ဧက (ပေ ၄၅ x ၇၅ ပေ) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၇၊ ဘိုးရာဇာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ကွယ်လွန်သူ ဒေါ်ခင်ခင်လတ် ကျန်ရစ်ခဲ့သော ပစ္စည်းအား အမွေထိန်းလက်မှတ်စာ ရရှိထားပြီး ကွယ်လွန်သူ ဒေါ်ခင်ခင်လတ် ကျန်ရစ်ခဲ့သော အမွေထိန်းလက်မှတ်ရရှိထားသည့် ပစ္စည်းအပေါ် ဂရန်လျှောက်ထားခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ မြေတိုင်းတာခြင်း၊ အမည်ပြောင်းလဲ လျှောက်ထားခြင်း၊ ထုခွဲရောင်းချခြင်းနှင့် ပုဒ်မ၃၀၇ပါ ပြဋ္ဌာန်းချက်များအရ လုပ်ကိုင်ခွင့်များ ဆောင်ရွက်ရန် အမွေထိန်းစာရရှိထားသော ပစ္စည်းအပေါ် စီမံခန့်ခွဲခွင့်ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ခင်ခင်လတ် ကျန်ရစ်သော ပစ္စည်းအပေါ် ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် (၁၄) ရက်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ခင်လေးငယ်၏ လျှောက်ထားချက်ကို ကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၁/ခ)၊ ဒုတိယထပ်၊ (၃) လွှာ၊ အကျယ်အဝန်း (အလျား ၁၈ ပေ × အနံ ၅၄ ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဒေါ်မေချယ်ရီချို (၇/ဇကန (နိုင်) ၀၃၇၄၅၃)** မှ ပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ် ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်လင်းလက်စေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄၂၅၂၂၀၀**

KBZ BANK

# " ဂုဏ်ယူဝမ်းမြောက်ခြင်း "

KBZ BANK

## ဒေါ်နန်းခမ်းနောင် - စီမံထူးချွန် (ပထမဆင့်)

**Esports အားကစားကို မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံအဆင့် ရောက်ရှိသည်အထိ**

**စီမံခန့်ခွဲဦးဆောင်၍ အဓိကပံ့ပိုးပေးသူ**

**( မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်-နာယက )**

**KBZPay ကို မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး အဆင့် (၁) ဖြစ်အောင်စွမ်းဆောင်နိုင်သူ**

**( KBZPay ၏ Founder & Leader )**

**မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံးနှင့် အကြီးဆုံးပုဂ္ဂလိကဘဏ် KBZ Bank ကို ဦးဆောင်နေသူ**

**( KBZ Bank Founder & Leader )**

## ဒေါ်နန်းခမ်းနောင်

**အား နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့်**

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်**

## စီမံထူးချွန် (ပထမဆင့်)

**ချီးမြှင့်အပ်နှင်းခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။**

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့

ကမ္ဘောဇဘဏ်လီမိတက်

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၉-၂-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၂၈-၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို...

❖ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာအမျိုးသမီးလိဂ်တွင် မြဝတီအသင်းနှင့် Young Lionesses အသင်း သရေကျ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၅ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁) ၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းနှင့် Young Lionesses အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။


မြဝတီအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အမှတ်ပေးဇယား အောက်ပိုင်းမှ အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းဖြစ်သော Young Lionesses အသင်းသည် နိုင်ပွဲရရှိရေးကြိုးပမ်းသော်လည်း သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရပြီး မြဝတီအသင်းမှာမူ ယခုရာသီ ပထမဆုံး သရေပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ၃၇ မိနစ်တွင် ဆောင်းသဇင်ဦးက Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၆၉ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင်က မြဝတီအသင်းအတွက် ပင်နယ်တီမှ တစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁၂) အပြီးတွင် ဧရာဝတီအသင်းက ၁၁ ပွဲကစား ၂၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၀ ပွဲကစား ၂၅ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၀ ပွဲကစား ၂၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ○

ယနေ့ ဖတ်စရာ

**လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၆

**အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ တရုတ်အမျိုးသားနှင့် အတူနေစေခြင်းမှရရှိသော ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူ ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်**

စာမျက်နှာ » ၁၈

**အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

# MNL-2 ပြိုင်ပွဲတွင် မြဝတီအသင်း Chinland ကို အနိုင်ကစားသဖြင့် ရန်ကုန်စီးတီးအသင်း ထိပ်ဆုံးရောက်လာ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၅ ရက်က တက္ကသိုလ်ကွင်း၌ကျင်းပရာ မြဝတီအသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် Chinland အသင်းကို အနိုင်ကစားသဖြင့် ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်စီးတီးအသင်း ထိပ်ဆုံးနေရာ ရောက်ရှိလာသည်။ Chinland အသင်းသည် ရှုံးပွဲနှင့်အတူ တတိယနေရာအထိ ဆင်းပေးခဲ့ရပြီး ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❋

# ရီးယဲလ်မက်ဒရစ်အသင်းက ရီးယဲလ်ဘတ်တစ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ တိုက်စစ်မှူး ဂွန်ဇာလိုဂါစီယာ ပထမဆုံးလာလီဂါဟက်ထရစ်ဂိုး သွင်းယူ

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ ဇန်နဝါရီ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ရီးယဲလ်ဘတ်တစ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။


ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရီးယဲလ်ဘတ်တစ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဂွန်ဇာလိုဂါစီယာက သုံးဂိုး၊ အဆန်စီယိုကတစ်ဂိုးနဲ့ ဖရန်ဂါစီယာကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ပြီး ရီးယဲလ်ဘတ်တစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ကူချိုဟာနန်ဒက်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့တဲ့ ဂွန်ဇာလိုဂါစီယာဟာ ပထမဆုံးလာလီဂါဟက်ထရစ် သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဂွန်ဇာလိုဂါစီယာဟာရီးယဲလ်မက်ဒရစ်ကစားသမားဘဝမှာ အသင်းအတွက် သွင်းဂိုး ၂၅ ဂိုးရှိလာခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၃ သို့ ❋